

mgyoe.com SAMPLE BOOK

# လင်းကျောင်နီ (စဆော)

## ပါပါတယ် ဆပ်သွားဖူး

နန်းဦးကမွှေး

mgyoe.com

mgyoe.com SAMPLE BOOK

# လင်းကျော်နို (စဘေ)

ပါပါတယ် ဆပ်သွားမူး

နန်းဦးကမွေး

9 782024 000952

mgyoe.com

mgyoe.com SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၉၅)

## ပုံနှိပ်မှတ်တမ်း



# လင်းရောင်နီ၊စဘော၊

## ပါပါတယ်ဆပ်သွားဖူး နန်းဦးကမ္ဘွေး

ထုတ်ဝေသည့်အကြိမ် ♦ ပထမအကြိမ်၊ ၂၀၂၄ ခုနှစ်၊ ဇွန်လ

မျက်နှာဖုံးဒီဇိုင်း ♦ တော်တီဆွေ

အတွင်းဒီဇိုင်း ♦ ခိုင်ဇင်ထွန်း

ထုတ်ဝေသည့်အုပ်ရေ ♦ ၅၀၀

စာအုပ်တန်ဖိုး ♦ ၁၁၀၀၀ ကျပ်

ထုတ်ဝေသူ ♦ ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်မြိုင်စာပေ) အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်းမကြီး၊ ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊ ကျောက်တံတားမြို့နယ်။

ပုံနှိပ်သူ ♦ ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃) အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ♦ စာရိပ်မြိုင်စာပေ၊ အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊ ပန်းဆိုးတန်း လမ်းမကြီး၊ ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊ ကျောက်တံတားမြို့နယ်။ ဖုန်း ၀၉ ၇၆၂၂၂၆၀၂၀

လင်းရောင်နီ(စဘော)
ပါပါတယ်ဆပ်သွားဖူး နန်းဦးကမ္ဘွေး / လင်းရောင်နီ(စဘော)။ ရန်ကုန်
စာရိပ်မြိုင်စာပေ။ ၂၀၂၄။
စာမျက်နှာ - ၂၄၈၊ ၁၃. ၉၇ စင်တီ × ၂၀. ၃၂ စင်တီ
(၉၅) ပါပါတယ်ဆပ်သွားဖူး နန်းဦးကမ္ဘွေး

mgyoe.com

mgyoe.com SAMPLE BOOK

စာ
ရိပ်
မြိုင်

# စာရိပ်မြိုင်စာပေမှ ထွက်ရှိပြီးသော စာအုပ်များ

| စဉ် | စာရေးဆရာအမည် | စာအုပ်အမည် |
|---|---|---|
| ၁။ | ဖျိုး | အညာရယ် အလွမ်းရယ် မိချောရယ် |
| ၂။ | မယ်စု | အချစ်ဦးရဲ့ ဂျင်းဂျက်ကတ်လေး |
| ၃။ | နိုင်းနိုင်းစနေ | နောက်ဆုံးနတ်သူငယ် |
| ၄။ | လင်းရောင်နီ(စဘော) | ရိုးရာနှင့်အညာဓလေ့ဝတ္ထုတိုများ |
| ၅။ | တင်မောင်မြင့် | အချစ်ရိုင်းရဲ့ အရိုင်းချစ် |
| ၆။ | မိုင်ရာ | တစ္ဆေညရဲ့ သန်းခေါင်ယံ |
| ၇။ | မိုးစက်ငြိမ်း | စိတ်အတွက် ဖတ်စာ |
| ၈။ | လူခါး | ဦးအောင်သင်းကို မော့ကြည့်ခြင်း |
| ၉။ | နိုင်းနိုင်းစနေ | တစ်သက်တာအဖော် |
| ၁၀။ | ခင်သန္တာ | မလွန်ခင်လေး လွမ်းရအောင် |
| ၁၁။ | ဆွေဇင်နေမင်း | ခေါင်မိုးများ |
| ၁၂။ | ဝိဝိတင့်ဆွေ | အက်ဒ်ဒီ |
| ၁၃။ | နေထွန်းလင်း | ငါ့ဘဝအတွက် ငါ လုပ်နိုင်တယ် |
| ၁၄။ | ခင်မြဇင် | ဆည်းဆာချိန် တိမ်နီများ |
| ၁၅။ | စုးရှမေ | ခွင့်လွှတ်ခြင်းဖြင့် လွတ်မြောက်ခြင်း |
| ၁၆။ | နဒီလင်း(သစ်ဆေး)-၂ | အိမ်ထောင့်သုခ |
| ၁၇။ | ရွှေဥဒေါင်း | ပထမ ဆရာသိန်း |
| ၁၈။ | နိုင်းနိုင်းစနေ | နလုံးသားနက်နက်မှာ ပွင့်တဲ့ ပန်း |
| ၁၉။ | ကိုလေးမြတ် | ကားဂိတ် |
| ၂၀။ | လင်းရောင်နီ(စဘော) | ဒေါင်းမြရိ |
| ၂၁။ | ရွှေဥဒေါင်း | စစ်ရှုံးသူ |
| ၂၂။ | နိုင်းနိုင်းစနေ | နေကြာပန်းလေးတစ်ပွင့်လို ပြုံးပါ |
| ၂၃။ | ညီလေးငယ် | အဝါရောင်ကောင်းကင် |
| ၂၄။ | ဖျိုး | ဖယောင်း ဥယျာဉ် |
| ၂၅။ | သက်ပိုင်(မြန်မာပြန်) | သမီးရတနာ |

mgyoe.com

mgyoe.com SAMPLE BOOK

စာ
ရိပ်
မြိုင်

## စာရိပ်မြိုင်စာပေမှ ထွက်ရှိပြီးသော စာအုပ်များ

| စဉ် | စာရေးဆရာအမည် | စာအုပ်အမည် |
|---|---|---|
| ၂၆။ | နိုင်းနိုင်းစနေ | ပျော်ရွှင်ဖို့ ဒီလောက် မခက်ခဲပါစေနဲ့ |
| ၂၇။ | ထက်ဘုန်းရှိန် | မင်းရဲ့ ကိုယ်ပိုင်ပုံစံလေးအတိုင်းသာ |
| ၂၈။ | နိုင်းနိုင်းစနေ | မသွားရရင် သေနိုင်တယ် |
| ၂၉။ | ဒေါက်တာအောင်ဆေး-၂. | အတွေးတို့၏ ဆွဲငင်အား |
| ၃၀။ | သစ်ခက်အိမ် | ဘာညာကွိကွ |
| ၃၁။ | ဝေစီးပွားရေးတက္ကသိုလ်၊ | ဆူးဖယ်လက် |
| ၃၂။ | ညိုထွန်းလူ | ငါတို့ ရှာပြန်ကြရအောင် |
| ၃၃။ | လင်းရောင်နီ(စဘေ) | ရွှေလွန်းပျံ့ ဘယ်ညာခတ်ပါလို့ |
| ၃၄။ | စိုးဘားဒိုင် | မျက်ကွယ်မြစ် |
| ၃၅။ | ရွှေဥဒေါင်း | ရူပနန္ဒီ ရူပကလျာဏီ |
| ၃၆။ | နိုင်းနိုင်းစနေ | ကံကောင်းခြင်း တံခါးလာခေါက်တဲ့အခါ |
| ၃၇။ | ထက်ဘုန်းရှိန် | အချစ်မြစ်ပြင်က မေတ္တာရေကြည်လေးတွေ |
| ၃၈။ | နိုင်းနိုင်းစနေ | ကျွန်တော် ဂျက်ကီချန်း |
| ၃၉။ | ပျိုး | လွမ်းနေဦးမည့် ငွေတောင်ပြည် |
| ၄၀။ | သက်ပိုင် | နွမ်းလျှင့်ကယ် |
| ၄၁။ | အေထူးအောင်အင်္ဂလွှဝါ | တစ်ခါက ပင်လယ် |
| ၄၂။ | ခဲတံ | စိတ်ခံစားမှုများကို ကုစားခြင်း |
| ၄၃။ | ခွန်ညိုသွေး | နကွတ်ကြွေ ပျိုးခင်း |
| ၄၄။ | ထက်ဘုန်းရှိန် | ဘဝသမုဒ္ဒရာထဲက အစာအာဟာရ |
| ၄၅။ | လင်းသစ် | နကွတ်မှားတဲ့ ချစ်ခြင်း |
| ၄၆။ | ဂျူလိုင်ကျော်မင်း | တောင်ဇလပ်နီရောင် တိမ်တိုက်တွေ |
| ၄၇။ | နိုင်းနိုင်းစနေ | ကျွန်တော်တို့ ကလေးဆိုး မဟုတ်ပါ |
| ၄၈။ | စုမြတ်ချစ် | အဆိပ်သင့် နလုံးသား |
| ၄၉။ | ထက်ဘုန်းရှိန် | ပျောက်ဆုံးအချစ် ကူးလွင့်ပင်လယ် |
| ၅၀။ | နိုင်းနိုင်းစနေ | ထွက်ခွာသွားခြင်းအတွက် ကျေးဇူးပါ |

mgyoe.com

mgyoe.com SAMPLE BOOK

## စာရိပ်မြိုင်စာပေမှ ထွက်ရှိပြီးသော စာအုပ်များ

| စဉ် | စာရေးဆရာအမည် | စာအုပ်အမည် |
|---|---|---|
| ၅၁။ | မိုင်ရာ | ဝင့်ကြွေးရှိခဲ့သော် |
| ၅၂။ | ကိုလေးမြတ် | ရွာအကြောင်း၊ ရွာကလူတွေအကြောင်း |
| ၅၃။ | သိန်းသန်းထွန်း | ဘယ်ပန်းချီရေးလို့မှ မမီ |
| ၅၄။ | ပန်းငုဝါဝါ | ကမာရွတ်အိပ်မက်… လှည်းတန်းပုံပြင် |
| ၅၅။ | မင်းဝေဟင် | လရိပ်အောက်က မိုးတိမ် |
| ၅၆။ | ရွှေဥဒေါင်း | အကြံဉာဏ်ဖြင့် ကြီးပွားရေး |
| ၅၇။ | နိုင်းနိုင်းစနေ | ဒေါက်တာ ဟင်နရီလီ ဖော်ထုတ်ခဲ့သော ဖြစ်ရပ်မှန် မှခင်းများ |
| ၅၈။ | ထက်ဘုန်းရှိန် | အပန်းဖြေရာ အနားယူရာ |
| ၅၉။ | ခဲတံ | ပျော်ရွှင်သောစိတ်ထား |
| ၆၀။ | ညီလေးငယ် | မှတ်ဉာဏ်မြိုင် |
| ၆၁။ | သားထွေး | ကိုယ်တိုင်လွတ်မြောက်ခြင်း |
| ၆၂။ | ဖျိုး | အလွမ်းဖြင့် နွေးစေ |
| ၆၃။ | နဒီလင်းသစ်၊ဆေး-၂ | ၁၉၂၂ |
| ၆၄။ | ရဲမြတ် | ကုန်းဘောင်ရယ် လွမ်း |
| ၆၅။ | ဖန်းမော်တင်အောင် | မမကြီး |
| ၆၆။ | လင်းသစ် | အတွေးတို့ စေညွှန်ရာ |
| ၆၇။ | နိုင်းနိုင်းစနေ | ထင်ရှားသူတို့၏ ဘဝပုံပြင် |
| ၆၈။ | နိုင်းနိုင်းစနေ | လျှို့ဝှက်တဲ့ သန်းကြွယ်သူဌေး |
| ၆၉။ | နိုင်းနိုင်းစနေ | လျှို့ဝှက်ဥယျာဉ် |
| ၇၀။ | နိုင်းနိုင်းစနေ | ကျွန်မဖတ်ဖို့ |
| ၇၁။ | ခဲတံ | ကိုယ်တို့ တွဲကြရအောင် |
| ၇၂။ | ခဲတံ | ချစ်ခြင်းမေတ္တာဖြင့် ထိတွေ့ဆက်ဆံခြင်း အနုပညာ |
| ၇၃။ | နိုင်းနိုင်းစနေ | နလုံးသားဝန်ဆောင်မှု |
| ၇၄။ | စူးရှမေ | ချစ်ခြင်းမေတ္တာ၏ အုတ်မြစ်များ |

mgyoe.com

mgyoe.com SAMPLE BOOK

## စာရိပ်မြိုင်စာပေမှ ထွက်ရှိပြီးသော စာအုပ်များ

| စဉ် | စာရေးဆရာအမည် | စာအုပ်အမည် |
|---|---|---|
| ၇၅။ | ဖန်းမော်တင်အောင် | ပန်းများပွင့်သော ညတည |
| ၇၆။ | မင်းခန့်ပြည့် | လုပ်ငန်းခွင်ထဲက ချွေတ်ကလေး |
| ၇၇။ | စူးရှမေ | ချစ်သောအမျိုးသားလေးထံသို့ |
| ၇၈။ | အာကာဦး | လမ်းဆုံးမှတ်ဉာဏ်များ |
| ၇၉။ | ဂျူလိုင်ကျော်မင်း | တစ်ခါက အဝါရောင်ဘူတာ |
| ၈၀။ | Aqua | အစိမ်းရောင် မှော်ပညာရှင် |
| ၈၁။ | နဂါးမောင်မောင်သဘာဝဂန္တီရ | စိတ်ဝိညာဉ်အပိုင်းအစများ |
| ၈၂။ | နိုင်းနိုင်းစနေ | ထူးဆန်းတဲ့ အမေရိကန်လူမျိုး |
| ၈၃။ | လင်းသစ် | တွေးထင်ထားတဲ့အတိုင်း ဖြစ်မလာတဲ့အခါ |
| ၈၄။ | လင်းသစ် | လုပ်ငန်းစွမ်းဆောင်ရည်မြှင့်လမ်းညွှန် |
| ၈၅။ | လင်းရောင်နီ(စဘော) | ပင်လက်ပံ ကြွေချိန်ကျပြီမို့ |
| ၈၆။ | မြမြခွေး(စိတ်ပညာ) | မိမိစိတ်ကို ထိန်းချုပ်ခြင်းဆိုင်ရာ အနုပညာ |
| ၈၇။ | နိုင်းနိုင်းစနေ | ကျေးဇူးပြု၍ မေမေ့ကို ကြည့်ရှုစောင့်ရှောက်ပါ |
| ၈၈။ | စိုးဘားဖိုင် | ဒုတိယပင်လယ် |
| ၈၉။ | နိုင်းနိုင်းစနေ | ၉၀-၁၀ |
| ၉၀။ | လင်းသစ် | ပိုကောင်းမယ့် မနက်ဖြန် |
| ၉၁။ | သက်ထားရွှေစင်(THSS) | မေတ္တာနှင့် ခွင့်လွှတ်ခြင်း။ |
| ၉၂။ | ဇာဝီဆို | ကြယ်တွေဟာ မင်းအတွက်ပဲ လင်းလက်တောက်ပနေတာပါ |
| ၉၃။ | ဝေယံထွန်း | သင့်အစွမ်းအစတွေကို မြှင့်တင်လိုက်ပါ |
| ၉၄။ | ထက်ဘုန်းရှိန် | ငါ မမြင်ဖူးတဲ့ မင်း။ ငါ မမြင်ဖူးတဲ့ ငါ |



**ပါပါတယ်ဆပ်သွားမှူး နန်းဦးကမ္ဘေး**

လင်းရောင်နီ(စဘော)

စာရိပ်မြိုင်အမှတ်စဉ် (၉၅)

mgyoe.com

mgyoe.com SAMPLE BOOK

# အမှာစာနှင့် ကျေးဇူးတင်စကား

အမှန်ဆိုရင် သည်ဝတ္ထုက ဟိုတုန်းက ကျွန်တော်ရေးခဲ့ဖူးတဲ့ "နန်းကြီးကျ" ဆိုတဲ့ ဝတ္ထုတိုလေးကို အခြေခံပြီးမှ ဝတ္ထုရှည်အဖြစ် အသွင်ပြောင်းလာခဲ့တဲ့ ဝတ္ထုရှည်တစ်ပုဒ်ပါ။

အဲဒီဝတ္ထုတိုလေးကိုမှ ဇာတ်ကောင်နဲ့ ဇာတ်အိမ်တွေဖြည့်၊ အခန်းတွေပွား၊ နတ်သမိုင်းတွေနဲ့ ဒေသပုံရိပ်တွေကို စွမ်းသမျှလေး စာပန်းချီ ခြယ်သပြီးကာမှ ဝတ္ထုရှည်အဖြစ် ပြောင်းလဲရေးဖွဲ့ခဲ့ရတာ ဖြစ်ပါတယ်။ ဝတ္ထုတိုရေးစဉ်ကတော့ ဇာတ်အိမ်ကျုံ့တဲ့အတွက် သိသမျှ၊ မြင်ဖူး တွေ့ဖူးသမျှ၊ ကြားသမျှ ကြုံသမျှလောက်နဲ့ ဖွဲ့ဖွဲ့နွဲ့နွဲ့ ရေးခဲ့ရပေမဲ့ တကယ့်တကယ် ဝတ္ထုရှည်အဖြစ် ပြောင်းလဲတော့မယ် ဆိုတဲ့အခါမှာ ပြောချင်တာ ပြချင်တာတွေလည်း များလာခဲ့ပါပြီ။ သို့ပေသိ ပြောချင်သော်လည်း သိမှပြောရ၊ ပြချင်သော်လည်း ရှိမှပြရတာ မဟုတ်လား။

ကျွန်တော့်မှာကလည်း ဇာတ်တို့၊ နတ်တို့နဲ့ ပတ်သက်လာရင် ကလေးဘဝ တုန်းက ရွာဘုရားဆွမ်းချမှာ ဇာတ်ပွဲကြည့်တာလောက်၊ ရွာထိပ်နတ်ကွန်းစင်မှာ နတ်ပွဲကြည့်တာလောက်သာ ကြုံဖူးတွေ့ဖူးလေတော့ ခက်ရပါချေပြီ။ သည်တော့ သဘင်နောက်ခံဖြစ်တဲ့ "ဒေါင်းမြရီ" ဝတ္ထုရေးစဉ်က ဇာတ်ဆရာတို့ထံ ဆက်သွယ် ချဉ်းကပ်ပြီး လိုအပ်တဲ့ သိကောင်းသိရာလေးတွေကို မေးရမြန်းရ စုဆောင်းရသလိုမျိုး အခုလည်း နတ်ဆရာများ၊ နတ်ကိုးကွယ်ယုံကြည်မှုနဲ့ ဆက်စပ်နေသူများကို ရှာဖွေ

mgyoe.com

mgyoe.com

ဆက်သွယ်ပြီး မေးမြန်းမှတ်ပိုက်ရပြန်ပါတော့တယ်။ လိုအပ်တဲ့ စာအုပ်စာတမ်းလေးတွေကို ဝယ်ယူပြီး ဖတ်ရမှတ်ရ ကိုးကားရတာမျိုးလည်း ရှိပါတယ်။

ကိုယ်ရေးလိုက်တဲ့ စာတစ်လုံးချင်းစီတိုင်း တစ်ကြောင်းချင်းစီတိုင်းဟာ နတ်ကိုးကွယ်ယုံကြည်သူများကို ထိပါးစေတဲ့ အရေးအသားများ ဖြစ်သွားမလား၊ သူတို့ရဲ့ နတ်သမားစဉ်တွေနဲ့ရော ကိုက်ညီပါ့မလား၊ ဘယ်နေရာမှာများ ထောက်ပြစရာတွေ ဖြစ်သွားလေမလဲ ဆိုတဲ့ စိုးရိမ်စိတ်တွေနဲ့ ရေးခဲ့ရတဲ့ ဝတ္ထုတစ်ပုဒ် ဖြစ်ပါတယ်။ "ဒေါင်းမြရီ" လောက် မထူသော်လည်း "ဒေါင်းမြရီ" ရေးစဉ်က ဖိအားမျိုး၊ ဝန်ထုပ်ဝန်ပိုးမျိုးကို ခံစားခဲ့ရပါရဲ့။

သည်တော့ မသေချာ မရေရာတာရှိရင် သေချာအောင် ရှာဖွေ မေးမြန်းပြီးမှ ရေးခဲ့ရပါတယ်။ အထူးသဖြင့် ပုပ္ပားဒေသနောက်ခံ ဖြစ်တဲ့အတွက် ပုပ္ပားနယ်နဲ့ ပတ်သက်တဲ့ ဒေသပုံရိပ်တွေ၊ ဓလေ့ထုံးတမ်းလေးတွေကို ပုံဖော်ရာမှာ အမှားအယွင်းပါသွားမှာ စိုးရိမ်နေမိခဲ့တာပါ။ ပုပ္ပားကို အကြိမ်ကြိမ်အခေါက်ခေါက် ရောက်ဖူးတယ် ဆိုပေသိ ဒေသခံမဟုတ်တဲ့အတွက် ဒေသအကြောင်းကို ခရေစေ့တွင်းကျမသိရိုးအမှန်ပါ။ သည်တော့ အစ်မရင်းလို ချစ်ခင်ရတဲ့ အစ်မသီဖြိုးဆီ အကူအညီတောင်းရပါတော့တယ်။ "အစ်မကတော့ နတ်သမိုင်းကြောင်းတွေ သိပ်မသိဘူးကွယ်။ အစ်မမှာ အစ်ကိုတစ်ယောက် ရှိတယ်။ သူ့အသိထဲမှာတော့ နတ်နဲ့ ပုပ္ပားတောင်နဲ့ ပတ်သက်ပြီး ထဲထဲဝင်ဝင် ပြောနိုင်မဲ့သူ ရှိလိမ့်မယ်" ဆိုပြန်တော့ အစ်မဆီကနေ ဖုန်းနံပါတ်ယူပြီး ကျောက်ပန်းတောင်းက ကိုမိုးကျော်သူဆီ ဖုန်းဆက်ရပါတယ်။

ကိုမိုးကျော်သူကနေမှ တစ်ဆင့် ပုပ္ပားနန်းထိန်း ဦးဝမ်းတင့်နဲ့ ထပ်ပြီးဆက်သွယ်ခဲ့ရပြန်ပါတယ်။ ဦးဝမ်းတင့်ဆီမှာ ပုပ္ပားဒေသ နတ်သမိုင်းနဲ့ ပတ်သက်တာလေးတွေ၊ ဒေသရဲ့ ရိုးရာဓလေ့လေးတွေကို မေးမြန်းသိရှိခဲ့ရပါတယ်။ အပြင်မှာ တစ်ကြိမ်တစ်ခါမျှ မဆုံဖူးကြပါဘဲ လေလှိုင်းထဲကတင် လှိုက်လှိုက်လှဲလှဲ ကူညီပေးခဲ့ကြသူတွေပါ။ သည့်အတွက် အစ်မ မသီဖြိုး၊ ကိုမိုးကျော်သူနဲ့ ဦးဝမ်းတင့်တို့ကို ကျေးဇူးအထူး တင်ရပါတယ်ခင်ဗျာ။

"နန်းကြီးကျ" ဆိုတဲ့ ဝတ္ထုတိုလေး စရေးကတည်းက "ဘယ်နေရာက ဘယ်လိုဖြစ်သင့်တာနော်။ အဲလိုထုံးစံ မရှိဘူး။ သည်လို သည်လိုတော့ ရှိတယ်။ အတိုက်အခိုက်ရှင်းတဲ့ ပွဲဆိုရင်တော့ ဘယ်နတ်ကို ဘယ်လိုချော့ရတယ်" ဆိုတာတွေကို အဆက်မပြတ် ထောက်ပြဖြည့်စွက်ပေးခဲ့တဲ့ မန္တလေးမြို့မှ ဆရာ ဦးထင်လင်းလှိုင်

mgyoe.com

ကိုလည်း ကျေးဇူးတင်ပါတယ်ခင်ဗျာ။

သည်ဝတ္ထုရှည်ရေးတော့ နတ်လောကနဲ့ နီးစပ်သူ၊ ဒေသနဲ့ နီးစပ်သူတွေထံ မေးမြန်းရ၊ အကြံဉာဏ်တောင်းခံရတာတွေကို လိုရင်လိုသလို ပြုလုပ်ခဲ့ရပါတယ်။ ပုပ္ပားဒေသအကြောင်းနဲ့ ပတ်သက်ပြီး ကူညီပေးခဲ့ကြတဲ့ နတ်မောက်မြို့က ဆရာဦးဇင်ညီညီထွဋ်နဲ့ မြင်းခြံမြို့မှ မဆွေဇင်ဟန်၊ သခင်မတောင်တော်, ရတနာ့ဂူပွဲနဲ့ ပတ်သက်ပြီး အကူအညီပေးခဲ့တဲ့ မန္တလေးမြို့က အန်တီအေးတို့ကိုလည်း ကျေးဇူးတင်ကြောင်း သည်အမှာစာလေးကနေ ပြောပါရစေခင်ဗျာ။

ကျေးဇူးတင်ရမယ့်အထဲမှာ ကျန်လို့မဖြစ်သူတွေကတော့ ထုတ်ဝေသူနဲ့ စာဖတ်သူတွေပါ။ သည်လောက် အဘက်ဘက်က အဆင်မပြေမှုတွေ၊ ကျပ်တည်းမှုတွေနဲ့ ရင်ဆိုင်နေရတဲ့ ကာလမှာ မတွန့်မဆုတ် ထုတ်ဝေပေးခဲ့တဲ့ စာရိပ်မြိုင်စာအုပ်တိုက်မှ ထုတ်ဝေသူ ကိုပြည့်အာကာနဲ့ တစ်နေ့ထက်တစ်နေ့ မြင့်တက်လာတဲ့ ကုန်ဈေးနှုန်းတွေကြားကပဲ ကျွန်တော့်စာအုပ်လေးကို အားပေးကြသူများအား လှိုက်လှဲစွာ ကျေးဇူးတင်ရပါတယ်။

တချို့ကလည်း "ဆရာက ဇာတ်သဘင်တို့၊ နတ်သဘင်တို့ကို ရေးတော့ ဒီလောကတွေနဲ့ ကျွမ်းဝင်ပတ်သက်မှု ရှိသလား" လို့ မေးသူတွေလည်း ကြုံရပါတယ်။ သည်အမေးတွေအတွက် အဖြေကတော့ ကနဦးမှာ ဆိုခဲ့သလိုပါပဲ။ ကျွန်တော်ဟာ ဇာတ်လောကထဲက မဟုတ်သလို၊ နတ်လောကထဲကလည်း မဟုတ်ပါဘူး။ နောက်ပြီး နတ်ကိုးကွယ်ယုံကြည်သူလည်း မဟုတ်ပါဘူးခင်ဗျာ။

ကျွန်တော့်ရဲ့ အရင်းခံစိတ်ထားကိုက တောခလေ့ အညာခလေ့၊ မြန်မာမှု မြန်မာ့ဟန်၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်း အဖွဲ့အနွဲ့ဘက်မှာ ပိုပြီးအားသန်တဲ့သူဖြစ်တဲ့အားလျော်စွာ သည်လိုဝတ္ထုတွေကို ဖန်တီးရေးဖွဲ့ရခြင်း ဖြစ်ပါတယ်။ ပွင့်လင်းစွာ ဝန်ခံရရင် ယုံကြည်မှုအရင်းခံကြောင့် မဟုတ်ဘဲ ကိုယ့်နိုင်ငံ ကိုယ့်ဒေသ ကိုယ်လူမျိုးတွေရဲ့ ရိုးရာယုံကြည်မှု ဓလေ့စရိုက်ကို တန်ဖိုးထားတဲ့စိတ်နဲ့သာ ရေးဖွဲ့ခဲ့တာပါ။

"ပါပါတယ်ဆပ်သွားဖူး နန်းဦးကမ္ဘေး" ဆိုတဲ့ စာသားလေးဟာ ပခန်းမင်းကျော်စွာ နတ်ချင်းထဲမှာ ထည့်သွင်းရေးဖွဲ့ထားတဲ့ စာသားလေးဖြစ်ပါတယ်။ သည်စာသားလေးကို ဝတ္ထု ခေါင်းစဉ်ပေးဖြစ်ခဲ့တဲ့အတွက်လည်း သီချင်းလေးနဲ့ ဆက်နွယ်ပတ်သက်သူအားလုံးကို သည်အမှာစာလေးကနေ ခွင့်တောင်းရင်း အသုံးပြုခွင့်ပေးဖို့ မေတ္တာရပ်ခံပါတယ်ခင်ဗျာ။

mgyee.com

mgyoe.com

သည်ဝတ္ထုလေးထဲမှာတော့ ပုံမှန် ရေးရိုးရေးစဉ် ဇာတ်ကောင်မျိုးမဟုတ်ဘဲ နတ်သဘင်လောကရဲ့ နတ်ကန္တားစီး မိန်းမလျာကြီးတစ်ယောက်ရဲ့ ဘဝဖြစ်စဉ်ကို အခြေခံ ရေးဖွဲ့ထားတာဖြစ်ပါတယ်။ ယုံကြည်ရာအပေါ် ကိုးကွယ်မှုတွေ၊ မတူညီတဲ့ ဖြစ်တည်မှုတွေအပေါ် လှောင်ပြောင်ကဲ့ရဲ့ ခွဲခြားမှုဒဏ်တွေကို ကြံ့ကြံ့ခံရင်း ဘဝကို ဖြတ်သန်းခဲ့ရပုံတွေ၊ ရိုးရာနတ်သမိုင်းတွေ၊ ပုပ္ပားဒေသယ သခင်မတောင်တော်, ရတနာ့ဂူစတဲ့ အထင်ကရဒေသတွေရဲ့ ပုံရိပ်လေးတွေကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။

သူ့နယ်သူ့အရပ်မှာတော့ ဩဇာကြီးလှတဲ့ နတ်ကန္တားစီးကြီး အမေဒေါင်းရဲ့ နတ်ဒိုးဆရာ စိန်ညှိရောင်အပေါ် အချစ်ကြီးလှပုံတွေ၊ မေဒေါင်းကို ချစ်ခင်အားကျလွန်းပြီး မေဒေါင်းလိုဖြစ်ချင်ခဲ့တဲ့ ပိုးတီကောင်ဆိုတဲ့ ကလေးငယ်လေးရဲ့ ဘဝဖြတ်သန်းမှုတွေ၊ နတ်ဒိုးဆရာ စိန်ညှိရောင်ရဲ့ ဟန်ဆောင်လှည့်ဖြားမှုတွေ၊ ငယ်သူငယ်ချင်း ကျောက်ခဲအပေါ် တစ်ဖက်သတ် နှောင်တွယ်မိခဲ့တဲ့ ပိုးတီကောင်ရဲ့ မေတ္တာစသည်စသည်တို့ကိုလည်း ဖတ်ရှုခံစားရမှာ ဖြစ်ပါတယ်ခင်ဗျာ။

ကန္တားစီး မဒေါင်းရဲ့ ဘဝတစ်လျှောက်လုံး အေးအတူပူအမျှ ပါရမီဖြည့်ပေးခဲ့ရှာတဲ့ စံကားဝါမြေ မမသိန်းရဲ့ မေဒေါင်းနဲ့ ပိုးတီအပေါ် ထားရှိတဲ့ ဖြူစင်လှသော မေတ္တာတွေကိုလည်း ကြည်နူးဖွယ် တွေ့မြင်ရမှာပါ။

မေတ္တာဆိုတာ ကစားစရာ မဟုတ်ကြောင်း၊ လူတစ်ယောက်က လူတစ်ယောက်အပေါ် ချစ်မိသွားခြင်းသည်ပင် လူသားဆန်မှုတွေထဲက တစ်ခုဖြစ်ကြောင်း မေဒေါင်းက ဘယ်လိုများ သက်သေပြလေမလဲ။ အချစ်ကို ယုံကြည်ကိုးစားခဲ့တဲ့ ကန္တားစီးမကြီး မေဒေါင်းဘဝဟာ စိန်ညှိရောင်ရဲ့ အချစ်တွေကြောင့် ပန်းခင်းသော လမ်းဖြစ်လေမလား၊ ငယ်သူငယ်ချင်းအပေါ် တစ်ဖက်သတ် မြတ်နိုးမိတဲ့ ပိုးတီကောင်လေးရဲ့ မေတ္တာခရီးကရော ပုပ္ပားတောင်တော်လေလို အေးလေမလား၊ ပန်းစံကားဝါတွေလို မွှေးလေမလား ဆိုတာကိုတော့ "ပါပါတယ်ဆပ်သွားဖူးနန်းဦးကမွှေး" ဝတ္ထုရှည်ကို ဖတ်ရှုရင်း ခံစားသက်ဝင်ကြည့်ပါဦးခင်ဗျာ။

နောက်ဆုံးအနေနဲ့ မေတ္တာရပ်ခံချင်တာက ကျွန်တော်ဟာ နတ်ကိုးကွယ်မှုလောကနဲ့ စိမ်းသက်သူဖြစ်တဲ့အတွက် ကျွန်တော့်အရေးအသားတွေထဲမှာများ ကိုးကွယ်ယုံကြည်သူတို့အပေါ် စော်ကားတဲ့သဘော သက်ရောက်စေတဲ့ အရေးအသားမျိုး၊ မှားယွင်းတဲ့ သမိုင်းဖြစ်စဉ် ဖော်ပြမှုမျိုး၊ လွဲမှားတဲ့ နတ်လောက သမားစဉ်တွေ ပါဝင်ခဲ့တာမျိုး ရှိခဲ့ရင် ခွင့်လွှတ်နားလည်ပေးကြပါလို့ တောင်းပန်အပ်ပါတယ် ခင်ဗျာ။

mgyoe.com

ဒေသဆိုင်ရာ မှားယွင်းဖော်ပြမှုလေးတွေ ရှိခဲ့ရင်လည်း ကျွန်တော့်ကို ကူညီပြောကြားပေးခဲ့ကြတဲ့ မည်သူတစ်ဦးတစ်ယောက်ရဲ့ အပြစ်မှ မဟုတ်ဘဲ ကျွန်တော့်ရဲ့ ဒေသန္တရဗဟုသုတ နည်းပါးမှု၊ ကျွန်တော့်ရဲ့ ချွတ်ချော် လွဲမှားမှုသာ ဖြစ်ကြောင်း ဆိုပါရစေခင်ဗျာ။

နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

လင်းရောင်နီ၊စဘော၊

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၁)

" ပုပ္ပားသေလာ ဝေဆာလျှမ်း××× ဒေဝါနန်းယက္ခာ××× လေသာဖျန်း၍ ပက်ပါလျှင် ××× ကရမက်မာလာ ကြိုင်စကား ××× (သီးစုံနွှော၍ မုန့်များဖွယ်သော်) ××× ပုပ္ပားမယ်တော် ကြွလှမ်းပျော်ပါ့ဘုရား×××"

ပိုးတီမျက်လုံးထဲ မျက်ရည်စတွေက ဝေ့တက်လာသည်။ ပိုးတီ့ရင်ထဲ လွမ်းလိုက်သည့်ဖြစ်ခြင်း၊ ဘယ်ကို လွမ်းလို့ လွမ်းရပဲ့။ ဘယ်ကို မျှော်လို့ မျှော်ရပဲ့။ ဘယ်ဆီကို ခေါ်လို့ ဘယ်အရပ်က ပေါ်လာလေမလဲ။ သည်လို မှုန်ရီဝေဆိုင်း မြူသင်တိုင်း ကာရံထားသည့် နွေမိန်တပေါင်းလ၌ ကန္တားပေးနေရချိန်တွင် ပိုးတီ ဘဝရဲ့ အရှင်မ သခင်မကြီးကို ပိုလို့ပင်လွမ်းပါ၏။ ဘယ်သူ ရှိရမည်နည်း။ ပိုးတီ၏ လက်ဦးဆရာဖြစ်သည့် မေဒေါင်း၊ ပိုးတီအပေါ် အင်မတန် ကြင်နာတတ်သည့် ကန္တားစီးမကြီး မေဒေါင်းကို လွမ်းဆွတ်မိခြင်း ဖြစ်ပါသည်။

"ရှင်ပိုးတီရေ မေဒေါင်းရဲ့ လက်ဦးဆရာမကြီးက ပခန်းအမေမြိုင်ပေ့ါအေ။ အင်မတန် စည်းကမ်းကလနား ကြီးတာကလား။ အမေမြိုင်က အင်မတန် ဆိုလွယ် ပြောလွယ်ရှိလှသလို လက်စလက်နကလည်း ဒိုးဒိုးဒေါက်ဒေါက် ရှိလေတော့ မေဒေါင်းတို့ ကြောက်ခဲ့ရတာများ ပြောပါနဲ့ဟဲ့။ မေဒေါင်းတစ်သက်တော့ အမေမြိုင် လက်က လွတ်ချင်လှပါရဲ့ဆိုပြီး ဆုတောင်းခဲ့ရတဲ့ရက်တွေ နည်းနည်းနောနော လားအေ။ ဒါပေသိ အမေမြိုင်က အမေဒေါင်းကို ဘယ်အပျောက်ခံလိမ့်မတုံး။

mgyoe.com

mgyoe.com

မိဒေါင်းကမှ ချက်ချာသဟဲ့။ မိဒေါင်းကမှ အကင်းပါးသဟဲ့ ဆိုပြီး လက်ကသုံးထားတာကိုးအေ့"

ပိုးတီ မေဒေါင်း၏စကားများကို ပြန်ကြားယောင်နေမိသည်။ မေဒေါင်း၏ အရိပ်အသွင်များကလည်း ပိုးတီ၏ မြင်လွှာတွင် တဖျပ်ဖျပ် တလှပ်လှပ်။ သို့ပေသိ ပိုးတီ ကြာရှည်စွာ တွေဝေမနေအားပါ။ ဆိုင်းရှေ့မှ အဆိုတော်ကလည်း ပုပ္ပားမယ်တော်ကို ပင့်နေပြီ မဟုတ်လား။ ပိုးတီ ကန္နားစင်ဘက်လှည့်၍ ပရိသတ်ကို ကျောပေးထားရာမှ ပရိသတ်ရှိရာဆီသို့ ညင်သာစွာ လှည့်လိုက်သည်။ စိမ်းဖန်နေသည့် နတ်ဝတ်တန်ဆာများကို ကြော့မော့နေအောင် ဆင်မြန်းထားပြီး ဦးခေါင်းထက်တွင် ဘီလူးခေါင်း ဖောင်းတော်ကြီးကို ဆောင်းထားသည့် ပိုးတီ၏ အသွင်သည် တင်းတည် ချီမော့နေပေလိမ့်မည်။ ဖားလျားချထားသည့် ဆံကေသာထက်တွင်မူ ရဲရဲနီနေသည့် နှင်းဆီပန်းများသည် ဝေဆာသည်ထက်ပင် ပိုလို့နေပြန်သေး၏။ ဒေါင်းတောင်နှစ်လက်ကို ရင်ဝယ်ယှက်၍ ခန္ဓာကိုယ်လေးကို လှုပ်သည်ပြောရုံယိမ်းနွဲ့နေမိသည်။ မျက်လုံးတွေကတော့ ရီဝေ ဆွတ်ပျံ့လျက်။

"ကျုပ် မယ်တော်ကြီးဖြစ်ခဲ့ပြီ မေဒေါင်းရဲ့။ မေဒေါင်းပေးခဲ့တဲ့ ပညာတွေနဲ့ ဟောဒီက မိပိုးတီတစ်ယောက် ကိန်းကြီးခန်းကြီး ကန္နားစီးမကြီး ဖြစ်နေရပါပေါ့တော်။ မေဒေါင်းကသာ ကျုပ်ဘဝရဲ့ ပဲ့ကိုင်ပါ။ မိပိုးတီဘဝကို မေဒေါင်း ထုဆစ်ခဲ့တာပါ"

ပိုးတီရင်ထဲမှ စကားများကို မေဒေါင်း ကြားနိုင်မည် မဟုတ်ပါ။ သို့သော် ရင်တွင်း ပဲ့တင်သံတို့သည်ကား ဘဝင်သို့တိုင်အောင် လျှံတက်နေသည့်အလား ထင်ရသည်။ မေဒေါင်း ကန္နားစီးစဉ်အချိန်က ပိုးတီ လွန်စွာ ငယ်လှပါသေးသည်။ အမေ့ရင်ခွင်ထဲ၌ ဆိုးနွဲ့၍ ကောင်းတုန်းအချိန်ပင် ဖြစ်သည်။ သို့လင့်ကစား ပိုးတီ တမ်းတမ်းစွဲ မက်မောမိသည့်အရာကား ရှိ၏။ မေဒေါင်း နတ်ကန္နားကတိုင်း မကြည့်ရလျှင် မနေနိုင်ခြင်းပင်ဖြစ်သည်။ မေဒေါင်း၏ကန္နားပွဲကို သွားကြည့်မိသဖြင့် အဖေ့အရိုက် ခံခဲ့ရသည့် အကြိမ်တွေလည်း မနည်း။ သို့သော်လည်း ပိုးတီ ဇွဲမလျှော့ခဲ့ပါ။ မေဒေါင်း၏ နတ်ကန္နားကို ပိုးတီ မကြည့်ရ မနေနိုင်ပါ။ အဖေရိုက်ချင်လည်း ရိုက်စေတော့ဟု သဘောပိုက်ပြီး မေဒေါင်း၏ အကက အလှတို့ကို အားပေးရှုစားခဲ့သည်။ မက်မော အားကျခဲ့ရသည်။ ဤသည်မှာပင် ပိုးတီ၏ဖြစ်တည်မှု၊ ခံစားမှု မဟုတ်လား။ ပိုးတီ၏ ဘဝပေးကံက ဤသို့ဤပုံ အကြောင်းပါခဲ့သည်ဖြစ်ရာ သိကြားမင်းဖျက်၍ပင် ပျက်နိုင်ရိုးလား။

ပိုးတီ ဆယ့်သုံးနှစ်အရွယ်တွင် မေဒေါင်း၏ စက်ရိပ်၌ ခိုလှုံခဲ့ရလေသည်။

mgyoe.com

mgyoe.com

သာယာဖြောင့်ဖြူး၍ လှပသည့် အတိတ်ဖြစ်ရပ်တို့ကား မဟုတ်ခဲ့ပါချေ။ နာကျင်စရာများစွာဖြင့် မေဒေါင်း၏ ရင်ခွင်ထဲသို့ ရောက်ရှိခဲ့ခြင်း ဖြစ်ပါသည်။ ထိုအချိန်မှစ၍ မေဒေါင်း၏ဘေး၌ ဝတ်ကြီးဝတ်ငယ် ပြုစုခွင့်ရခဲ့သည်။ ခြေဆုပ်လက်နယ်သဘောဖြင့် မေဒေါင်း ထံပါးမှာ ခစားခဲ့ရပြီ။ ကန္နားပွဲများ၌ မေဒေါင်း ပုပ္ပားမယ်တော်ကြီး လိပ်ပြာစီးလေတိုင်း မေဒေါင်း ဘေးမှ သားတော်နှစ်ပါးနေရာတွင် ပိုးတီက ရွှေဖျင်းလေး ဖြစ်ခွင့်ရခဲ့သည်။ မေဒေါင်း မြှောက်စား၍ ပိုးတီ တောက်ကြွားခဲ့ရသည်။ မေဒေါင်းသည် အဖေ့၏ ဆူဆူဆဲဆဲ ဒဏ်များကို သည်းခံရင်း ပိုးတီကို ပညာပေးခဲ့သည်။ ယခုဖြင့် မေဒေါင်း၏ တပည့်မကြီးက အမေဒေါင်းနေရာသို့ ဝင်ခဲ့ရပါပေါ့လား။ မယ်ပိုးတီ ဖြစ်ခဲ့ရပြီပေါ့လား။ ပိုးတီ၏ မျက်ဝန်းဆီတွင် မျက်ရည်စများက ဝေ့သီလို့နေသည်။ စိတ်နှင့် ကိုယ်သည် ပူးချည် ခွာချည်။ လမိုင်းသည်လည်း ကပ်လိုက် ကွာလိုက်။ ကနေရသည့်တိုင် ပိုးတီ၏ စိတ်အစဉ်ကား အတိတ်ဆီသို့ တရေးရေး တရိပ်ရိပ်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၂)

"တစ်မြေပြင် နေသွင်လျှမ်း ××× ရွှေစင်လွှမ်းတော်မဟာ ××× (ရေယဉ် နန်းနဲ့ စံနန်းပေါ်မှာ ×××) ပျော်ကာသာ ဆုတောင်း××× (သားရင်နှစ် မသွေခင်သော် ×××) အမေရေယဉ်ကတော် ××× ကြွလှမ်းပျော်ပါ့ဘုရား ×××

ထိုအသံကြားသည်နှင့် ပိုးတီ ရင်တွေခုန်လှပြီ။ အိမ်အောက် ဝါပုတ်ကြီးတွေပေါ်တွင် ကစားနေရာမှ ပိုးတီ တံ့ခနဲ ရပ်ပစ်လိုက်သည်။ အသံလာရာ မေဒေါင်း၏ နတ်ကန္နားကြီးဆီသို့ ပိုးတီ သွားချင်လှပြီ။

ပိုးတီတို့ရွာ၌ ဝါခေါင်လရောက်တိုင်း ရွာထိပ်ရှိ အမေရွှေညောင်ဖြူနှင့် အမေဘုသူတို့၏ နန်းဦးရှေ့တွင် ကန္နားပွဲကြီးကို ခြိမ့်ခြိမ့်သဲ ကျင်းပလေ့ရှိသည်။ တပေါင်းလထဲတွင်လည်း မေဒေါင်းအိမ်တွင် ကန္နားကြီး ပေးကြပြန်သည်။ တစ်နှစ်နှစ်ပွဲ တင်ကြဲ့မြှောက်ကြ ပသကြသည်။ တီးကြ၊ ဆိုကြ၊ ကခုန်ကြသည်။ ပိုးတီကဖြင့် ကြိုက်လိုက်သမှ။ ရှုံ့ပွဲရင်ပွဲဆိုသည့်တိုင် ကိုယ့်သခင်ဟဲ့၊ ကိုယ့်အရှင်ဟဲ့ဆိုသည့် ခံယူချက်များကြောင့် စည်တန်သလောက် စည်ပါသည်။ သောင်သာသူက သောင်သာသလောက် ထည့်ဝင်ကြသကဲ့သို့ မတတ်နိုင်သူများကလည်း အထိုက်အလျောက်ဖြင့် ပါဝင်ကြသည်။ "ဆင်နဲ့ မြား၊ ဝန်နဲ့ အား" မျှရုံဖြင့် လက်မလွှတ်ကြသူချည်းဖြစ်သည်။

ယနေ့သည် ဝါခေါင်လဆန်း ၁၀ ရက်ဖြစ်၏။ ရပ်တော်ရှင် ရွာတော်ရှင်များ

mgyoe.com

mgyoe.com SAMPLE BOOK

ကိုတင်သည့် ပသည့်နေ့ဖြစ်၏။ ရွာထိပ်နတ်ကွန်းတွင် လူတရုန်းရုန်း ရှိကြချေတော့မည်။ ဆိုင်းသံ တခြိမ့်ခြိမ့်၊ နတ်ဒိုးသံ တဗိန်ဗိန်ကိုကား ပိုးတီ့နားနှင့် ဆတ်ဆတ်ကြားနေရသည်။ သည်ပွဲသို့ ပိုးတီ မသွားချင်ဘဲ နေလိမ့်မည်လား။ ထို့ကြောင့် ပိုးတီ ဝါပုတ် တောင်းပေါ် ကနေ မြေပြင်ပေါ် သို့ ဖုတ်ခနဲ ခုန်ဆင်းလိုက်၏။ မြေကြီးပေါ် သို့ ရောက်ချိန်တွင် သဲမှုန့်ဖုန်မှုန့်တို့ကို ဖုတ်ဖက်ခါ၍ ကုန်းရုန်းထလိုက်ပြီး မီးဖိုချောင်ဆီသို့ အတင်းပြေးလိုက်သည်။ မီးဖိုနားအရောက်တွင် အမေ့ကို အရင်ရှာလိုက်သည်။ အမေသည် မီးပလွေကိုကိုင်လျက် မီးဖိုဝတွင် ခေါင်းတည်၍ တဖူးဖူးမီးမှုတ်နေသည်။ ပိုးတီ အမေ့နောက်ဘက်သို့ ဝင်ထိုင်ကာ အမေ့ခါးကို ဆတ်ခနဲပုတ်၍ ခပ်တိုးတိုးခေါ် လိုက်၏။

"ဟဲ့... မြတ်စွာဘုရား။ လန့်လိုက်သာ ပိုးတီကောင်ရယ်။ ဘာတုံးဟဲ့ ငါ့သားရဲ့"

အမေက မီးမှုတ်နေရာမှ ခေါင်းထောင်လာပြီး ပိုးတီကိုကြည့်၍ မေးသည်။ ပိုးတီလည်း အမေ့ပါးစပ်ကို ပျာပျာသလဲ လှမ်းပိတ်လိုက်ရ၏။ မိမိ၏ နှုတ်ခမ်းရှေ့တွင် လက်ညှိုးထောင်ပြ၍လည်း တိတ်တိတ်နေရန် အချက်ပြလိုက်မိသည်။ အချက်မပြ၍လည်း မဖြစ်ပါ။ အမေ့အသံကို အဖေ ကြားသွားမှဖြင့် ပိုးတီ လမ်းစပျောက်ရပေလိမ့်မည်။ အဖေသည် အိမ်၏အရှေ့တောင်ထောင့်ရှိ သဘော်ာ မန်ကျည်းပင်အောက်တွင် ထိုင်ကာ ထသွား (ထွန်သွား) များ သနေခြင်းဖြစ်သည်။ မီးဖိုချောင်နှင့် မဝေးလှ။ မတော်၍များ အဖေ ကြားသွားလျှင် ခက်ရချည့်။

"အမေ့ ပိုးတီ နတ်ပွဲသွားကြည့်ချင်လို့"

ပိုးတီ အမေ့မျက်ကို စူးစိုက်ကြည့်ရင်း တောင်းပန် သနားခံလိုက်သည်။ အမေ့မျက်လုံးတို့သည် ပိုးတီ့ထံသို့ ဖျတ်ခနဲရောက်လာ၏။ တစ်ဆက်တည်းမှာပင် အမေ့၏ သောကမကင်းသည့် အသံဆတ်ဆတ်လေးသည် ခပ်ကြိတ်ကြိတ် ထွက်ပေါ် လာ၏။

"အမလေးတော် ကိုပိုးတီကောင်ရယ်၊ ရာဇဝတ်အိုးကိုမှ တုတ်နဲ့ထိုးချင်တာလား။ မင့်ဖအေအကြောင်းလည်း မသိတာ မဟုတ်ဘဲနဲ့၊ သည်နတ်ပွဲကို သွားလွန်းလို့ အရိုက်ခံရတာလည်း မင့်ကျောပြင်မယ် ထနပ်ပြားရာချည်း မဟုတ်လား။ ဒါလည်း မမှတ်ဘူးလားဟင်။ ငါ့နှယ့်တော် စိတ်များလည်း ညစ်ပါရဲ့"

အမေ့စကားအဆုံးတွင် ပိုးတီ မျက်ရည်များ ဝဲတက်လာသည်။ ပိုးတီ သိလိုက်ပါပြီ။ အမေလည်း ပိုးတီကို နတ်ပွဲကြည့်လွှတ်မည် မဟုတ်ပေ။ ပိုးတီ

mgyoe.com

mgyoe.com

ငိုချင်သည်။ အဖေနှင့် အမေသည် ပိုးတီကို ချုပ်ချယ်လွန်းသည်။ ပိုးတီ လုပ်ချင်တာ မှန်သမျှ လုပ်ခွင့်မပေးကြ။ ပိုးတီက အဖြူဆိုလျှင် အဖေနှင့် အမေက မည်းချင်ကြသည်။ သည်ထဲတွင် အဖေက ပိုဆိုးသည်။ ပိုးတီ မလုပ်ချင်သည့် အလုပ်ကိုချည်း တမင်ရွေး၍ ခိုင်းစေတတ်သည်။ ပိုးတီက အမေနှင့်အတူ မီးဖိုချောင်ထဲတွင် ထမင်းဟင်း ချက်ပြုတ်ချင်သည်။ အဖေက ထမင်းဟင်းချက်တာ မိန်းမအလုပ်ဟုဆိုကာ ပိုးတီကို နွားရှဉ်း ကိုင်ခိုင်းသည်။ ယာထွန် သင်ပေးသည်။

ကစားချိန်ဆိုလျှင်လည်း ပိုးတီက အဖေ့ပုဆိုးကို ထဘီ ကလနားလုပ်ဝတ်၍ ကချင်၊ ခုန်ချင်သည်။ အဖေကမူ "ယောကျ်ားဆိုတာ တိုက်ရဲခိုက်ရဲ သတ်ဖြတ်ရဲရသည်" ဟုဆိုကာ ပိုးတီအတွက် ထန်းလက်သေနတ်၊ အုန်းလက်မြင်း၊ ရှားနှစ်ဓားတို့ ပြုလုပ်ပေးကာ တိုက်တမ်းခိုက်တမ်း ကစားစေသည်။ ပိုးတီ မပျော်ပါ။ အဖေနှင့်အမေ့အိမ်မှာ ပိုးတီ မပျော်ပါ။ မေဒေါင်းအိမ်မှာသာ ပိုးတီပျော်သည်။ ပိုးတီကို နားလည်ပေးနိုင်ဆုံးသော လူသားသည် မေဒေါင်းသာ ဖြစ်သည်။ ပိုးတီ အားကိုးအားထားရာ ဘဝသခင်သည်လည်း မေဒေါင်းပင်ဖြစ်သည်။

ပိုးတီသည် အမေ့လက်ကို ဆွဲကိုင်လိုက်ရင်း ထပ်မံ ပူဆာမိပြန်သည်။ အဖေရိုက်လိုက ရိုက်ပါစေ။ ပိုးတီ မမှုတော့ပါ။ အဖေ့၏ ထနပ်ပြား ရိုက်ချက်များအောက်တွင် ပိုးတီ၏ ကျောသားရင်သားတို့သည် ထုသားပေသား ကျနေခဲ့ပါပြီ။ ထို့အတူ ပိုးတီ၏ နှလုံးသားတို့သည်လည်း မာကျော၍ အသားမာတက်နေခဲ့ပါပြီ။ အဖေ့၏ ထနပ်ပြားရိုက်ချက်သည် ပိုးတီ၏ ဖြစ်တည်မှုနှင့် ဆုံးဖြတ်ချက်ကို ပြုပြင်ပြောင်းလဲနိုင်စွမ်းလည်း ရှိလိမ့်မည် မဟုတ်ပါ။ ပိုးတီ ကချင် ခုန်ချင်သည်။ ဆိုချင်ငိုချင်သည်။ မေဒေါင်းကဲ့သို့ ကန္နားစီးကြီး ဖြစ်ချင်သည်။

"ငါတော့ မင်းတို့သားအဖကြား စိတ်ညစ်တော့တာပဲ ပိုးတီကောင်ရယ်။ ဖအေက မလျှော့၊ သားက မလျှော့နဲ့။ ပုဆိန်ကလည်း အမှတ်မရှိ သစ်ငုတ်ကလည်း အမှတ်မရှိ။ ကြားထဲက သပ်ကပဲ ပုဆိန်ဒဏ်ခံလိုက်ရ သစ်ငုတ်ဒဏ်ခံလိုက်ရပါလားဟယ်။ ငါတော့ သေသာ သေလိုက်ချင်တာပါပဲဟဲ့"

အမေသည် ပိုးတီကို ပြောရင်း မျက်ရည်ကျသည်။ အမေ့မျက်ရည်ကို မြင်လျှင် ပိုးတီ အရှုံးပေးရပါသည်။ ယိုမျက်ရည်ဒဏ်ကို ပိုးတီ မခံနိုင်ပါ။ တစ်ခုခုဆိုလျှင် အဖေက ထနပ်ပြားဖြင့် ပိုးတီကို အနိုင်ယူသည်။ အမေက မျက်ရည်ဖြင့် အနိုင်ပိုင်းသည်။ ပိုးတီမှာ အရှုံးပေးရသည်ချည်း။ ပိုးတီ မီးဖိုချောင်ထဲမှ ထွက်လာခဲ့သည်။ အမေ့ကိုလည်း မကြည့်တော့။ အမေကတော့ ပိုးတီကို ကြည့်နေပေလိမ့်မည်။

mgyoe.com

mgyoe.com SAMPLE BOOK

ပိုးတီ ငိုချင်သည်။ ပိုးတီ ဝမ်းနည်းသည်။ ရင်ထဲတွင် လှိုက်ဆို့နေသည်။ အဖေနှင့် အမေသည် ပိုးတီ၏ဖြစ်တည်မှုကို နားလည်မပေးနိုင်ကြ။ မေတ္တာယောင်ဆောင်ထားသည့် အတ္တများအောက်တွင် ပိုးတီ့ဆန္ဒတို့သည် စင်းစင်းဝပ် ပြားပြားမှောက်ခဲ့ရသည် ချည်း။ ပိုးတီအိမ်အောက်ရှိ ဝါပုတ်ကြီးပေါ် သို့ ပြန်လာခဲ့သည်။ ရင်ထဲတွင် မကျေနပ်သမျှ ဝါဂွမ်းစများကို ဆုပ်ယူ ဖွကြဲပစ်ခြင်းဖြင့် ပေါက်ကွဲပစ်လိုက်သည်။

နတ်ပွဲဆီမှ နတ်ဒိုးသံ တဒိန်းဒိန်းသည် ပိုးတီ၏ ပေါက်ကွဲမှုကို အားပေးအားမြှောက် ပြုနေသည့်အလား။ နတ်ဆိုင်းအဆိုတော် မကျောက်ဖြူနန်း၏ အသံသည်လည်း ပိုးတီကို လာခဲ့စမ်းဟု ဖြားယောင်း မြှူဆွယ်နေသယောင်။ ပိုးတီ နားနှစ်ဖက်ကို လက်ဝါးဖြင့် ပိတ်ချပစ်လိုက်သည်။ ဆိုင်းသံသည် ဝေးသွား၏။ နတ်တေးချင်းတို့သည် မှေးမှိန်သွား၏။ သို့သော် တစ်ချက်တစ်ချက် ကြားနေရဆဲ။

**"တစ်မြေပြင် နေသွင်လျှမ်း xxx ရွှေစင်နန်းတော်မဟာ xxx ရေယဉ်နန်းနဲ့ စံနန်းပေါ်မှာ xxx ပျော်ကာသာ ဆုတောင်းxxx သားရင်နှစ် မသွေခင်သော်xxx အမေရေယဉ်ကတော်xxx ကြွလှမ်းပျော်ပါ့ဘုရား"**

ဟော... ဒါ မေဒေါင်း၏ အသံ။ ပိုးတီ အင်မတန်စွဲမက်ရသည့် မေဒေါင်း၏ အသံ။ ပိုးတီ၏ဘဝသခင်မ အလှဘုရင်မကြီးရဲ့အသံ။ မေဒေါင်းရေ ပိုးတီကို လာခေါ် လှည့်ပါဦး။ စားပိုင်ကျားပိုင် အနောက်မယ်တော်ကြီး အမေရေယဉ်ရေ ပိုးတီကို ကယ်တင်လှည့်ပါဦးဘုရား။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၃)

ညောင်ပင်အောက်ရှိ နတ်ကွန်းကြီးကို ပိုးတီ လှမ်းမြင်နေရပြီ။ လူအုပ်ကြီးသည် နည်းနည်းနောနောမဟုတ်။ ထန်းလက်မိုး နတ်ကန္နား မဏ္ဍပ်အပြင်သို့ပင် လျှံထွက်နေသည်။ ကွင်းလုံးပြည့်လုခမန်း။ နတ်နန်းကြီးကို လှမ်းမြင်လိုက်ရချိန်တွင် ပိုးတီ၏ ရင်ထဲ၌ တဒိုင်းဒိုင်း။ စိတ်သည် ဘောင်ဘင်ဆန်နေ၏။ ရင်ခုန်သံတို့သည် နတ်ဒိုးနှင့် အပြိုင်။ နတ်ဒိုးသံ တဗိန်းဗိန်းတီးလေ ပိုးတီ၏ နှလုံးသွေးထဲမှ ကချင်၊ ခုန်ချင်စိတ်တို့သည် သွေးကြွလာလေဖြစ်သည်။ မေဒေါင်းကို မြင်လိုတွေ့လိုစိတ်၊ မေဒေါင်း၏ အခြယ်အသတို့ကို မြတ်နိုးစိတ်၊ မေဒေါင်း၏ ပြောဟန်၊ ဟောဟန်တို့ကို နှစ်သက်သည့်စိတ်၊ မေဒေါင်း၏ ဂုဏ်သတင်း ကျော်စောမှုကို အားကျစိတ်တို့သည် ပိုးတီ၏ အသွေးအသားထဲ၌ တဖွားဖွား။

ပိုးတီ နတ်နန်းဝိုင်းအတွင်းသို့ ခြေချလိုက်သည်။ တစ်ဆက်တည်းမှာပင် နောက်ကျောမလုံစွာဖြင့် နောက်ဘက်သို့ လှမ်းမျှော်ကြည့်လိုက်မိပြန်သည်။ ပိုးတီ၏ နောက်တွင် အဖေ့အရိပ်အယောင်သော်မျှ မမြင်မိပါ။ ပိုးတီ အဖေ မသိအောင် မေဒေါင်း၏နတ်ပွဲသို့ ခိုးထွက်လာခဲ့မိသည်။ မနေ့က မကြည့်လိုက်ရသမျှ ဒီနေ့မှ အတိုးချကြည့်မည်ဟု စိတ်ပိုင်းဖြတ်လျက် အဖေ့အလစ်တွင် စွန့်စားခဲ့ခြင်းဖြစ်၏။ အဖေသိလျှင် မိုးမီးလောင်ပေလိမ့်မည်။ ပိုးတီ့နောက်ကျောတစ်ပြင်လုံး အရှိုးရာထပ်အောင် ထနပ်ပြားစာမိမည်ကိုလည်း ပိုးတီ သိသည်။ ဤမျှမက အမေ့ကိုလည်း

mgyoe.com

ထုံးစံအတိုင်း မာန်မဲကြိမ်းမောင်းပေဦးမည်။ မသိ၍ မဟုတ်ပါ သိပါသည်။ အရိုက်ခံရမည်ကိုလည်း ပိုးတီ ကြောက်ပါသည်။ အဖေ တစ်ခါရိုက်လိုက်တိုင်း ပိုးတီ တစ်ပတ်လောက်ထိ ဖျားတတ်သည်မှာလည်း ဖြစ်မြဲမပျက်တာပင်။

သို့သော် နတ်ဒိုးသံကြားလျှင် ပိုးတီ မနေနိုင်။ နတ်ချော့သံကြားလျှင် ပိုးတီ မခံစားနိုင်။ နတ်သီချင်းသံကြားလိုက်သည်နှင့် ပိုးတီ၏စိတ်တို့သည် မရိုးမရွ ဖြစ်လာသည်ချည်း။ ပိုးတီ၏ အသွေးအသားထဲ၌ ကိန်းအောင်းအမြစ်တွယ်နေသည့် သည်သန္ဓေ ဗီဇတို့ကို ပိုးတီ ဘယ်လိုအင်အားနှင့်မှ ဖယ်ရှားပယ်ဖြတ်နိုင်စွမ်း မရှိပါချေ။ ကန္နားပွဲသို့ ပိုးတီရောက်မလာလျှင် မေဒေါင်းကလည်း အမြဲမျှော်နေမြဲပင်။ ထို့ကြောင့် အကြောက်တရားနှင့် ဆန္ဒလွန်ဆွဲလေတိုင်း ပိုးတီ ဆန္ဒကိုသာ ဦးစားပေးမိသည်။ အဖေ ရိုက်လိုက ရိုက်စေတော့ဟု သဘောထားလျက် ပိုးတီ အရဲစွန့်လာခဲ့ခြင်း ဖြစ်လေသည်။

ပိုးတီ ညောင်ပင်အောက်သို့ ရောက်လျှင် လူအုပ်ကြားထဲသို့ တိုးခွေ့ဝင်လိုက်သည်။ ပရိသတ်သည် များလှပေစွ။ အရှေ့ဘက်၊ အနောက်ဘက်ရွာများမှ ညေ့်သည်တို့သည်လည်း ကျလှပေစွ။ သို့သော် ပိုးတီ မရမက တိုးဝင်ခဲ့သည်။

"ဟဲ့...ဟဲ့... ဘယ့်နှယ့်ကလေးတုံးဟဲ့။ တိုးလိုက် ခွေ့လိုက်တဲ့ဟာ ဆင်ကန်းတောတိုးပါပဲလား"

"အောင်မာ ဘယ်သူများတုံး မှတ်တယ်။ ကိုကျောက်တံသား နတ်ကတော်ပေါက်စလေးကိုး"

"အမလေးတော် ကမြင်းမသားလေးနှယ်။ ခွေးသူခိုးများလိုပဲ စုန့်လိုက်မြောင်းလိုက်သာ။ သည်လောက်တောင် တိုးခွေ့မှလား၊ တကတဲမှ မသိရင် နတ်ပွဲထဲ သူကိုယ်တိုင်ပဲ ဝင်ကတော့မယ့်အတိုင်း"

ပိုးတီ နောက်ဘက်ဆီတွင် ပိုးတီကို ဆဲသံ၊ ဆိုသံ၊ ရေရွတ်သံတို့သည် ပွက်ထလာ၏။ ငြူစူသံ၊ မောင်းမဲသံတို့သည် မကြားတကြား ထွက်ပေါ်လာ၏။ ပိုးတီကဖြင့် ဂရုမစိုက်ပါ။ မကြားချင်ယောင်ဆောင်၍သာ ရှေ့ဆက်တိုးလိုက်သည်။ သို့သော် ပိုးတီကို ဂရုစိုက်နေသူတစ်ယောက်ကား ရှိ၏။ ပိုးတီတို့ရွာ အနောက်တောင်ပိုင်းတွင် နေထိုင်သည့် ပိုးတီနှင့်ရွယ်တူ ကျောင်းနေဖက် ကျောက်ခဲ ဖြစ်သည်။ ဤသည်ကို ပိုးတီ သတိမထားမိခဲ့ပါ။ ရှေ့ကိုရောက်ရန်သာ အာရုံစိုက်နေမိခဲ့၏။

ဟော... မြင်ရပါပြီ ပိုးတီချစ်လှသည့် မေဒေါင်း၊ ပိုးတီ အားကျလှသည့် မေဒေါင်း။ မေဒေါင်းသည် ကန္နားစင်၏ ဘေးနားတွင် မိန့်မိန့်မော်မော်ကြီး ထိုင်နေ

mgyoe.com

သည်။ လက်ထဲတွင် ဒေါင်းမြီးယပ်ကြီးတစ်ခုကို ကိုင်ထားရင်း တဖျပ်ဖျပ် ခတ်နေ၏။ မျက်နှာထက်တွင် မိတ်ကပ်ရောင်စုံသည် မှုန်ညက်အိစက်နေသည်။ နှုတ်ခမ်းလွှာ တင်းတင်းပေါ်တွင် အနီရင့်ရောင် နှုတ်ခမ်းနီတို့သည် စွေးစွေးနီနေ၏။ ငါအရှင်မဟုတ်၊ ငါသခင်မဟုတ်ဟု အသံတိတ် မိန့်မော် ကြွေးကြော်နေသည့်အလား။ ဦးခေါင်းထက်မှ နှင်းဆီပန်းနီနီတို့သည်လည်း ဝင့်ကြွားလွန်းလှပါ၏။ မေဒေါင်း၏ တကိုယ်လုံးကို ခြုံကြည့်ရလျှင် အသက်လေးဆယ်ကျော်ဟု မထင်ရလောက်အောင်ပင် တင့်တယ် လွန်းလှပါ၏။ မာန်သွေး ထည်လွန်းလှပါပေ၏။ မေဒေါင်း၏ လည်တိုင်ထက်တွင် ဆင်မြန်းထားသည့် ရွှေသားဒေါင်းဘယက်ကြီးသည်ကား မေဒေါင်း၏ တင့်တယ်မှုကို ပို၍ အားဖြည့်ပေးနေသည့်နှယ်။ ထိုဒေါင်းဘယက်ကြီးကို အတန်ကြာသည်အထိ ပိုးတီ မြတ်နိုးစွာ ငေးကြည့်နေမိပါသည်။ တစ်နေ့တွင် ထိုဒေါင်းဘယက်ကြီးကို ပိုးတီ၏လည်တိုင်ထက်၌ ဆွဲခွင့်၊ ဆင်ခွင့် ရချင်လှပါသည်။

မေဒေါင်းသည် ပိုးတီကို မမြင်သေးပေ။ ပိုးတီကသာ မေဒေါင်းကို တမြတ်တနိုး ငေးကြည့်နေမိခြင်းဖြစ်သည်။ မေဒေါင်း၏ဘေးတွင် မမသိန်းနှင့် စကားဝါမြေ မမလှိုင်တို့ ရှိ၏။ သူတို့သည်လည်း နတ်ဝတ်နတ်စား အပြည့်နှင့်။ သူတို့သည်လည်း လှကြပါပေသည်။ တင့်တယ်ကြပါပေသည်။ သို့သော် ပိုးတီ၏ မျက်လုံးထဲမှာဖြင့် မေဒေါင်းသာ အလှဆုံးဖြစ်သည်။ မမသိန်းနှင့် မမလှိုင်တို့၏ အလှသည် မေဒေါင်း၏ အလှနှင့် နှိုင်းစာလျှင် လမင်းနှင့် ပိုးစုန်းကြူးတမျှ ခြားနားပါပေသည်။ စိန်ပွင့်နှင့် ဖန်ကွဲစသဖွယ် တင့်တယ်ပုံ ကွာပါပေသည်။ ပတ္တမြားနှင့် စလွေးစေ့ပမာ ထည်ဝါဂုဏ် ညောင်းပုံချင်း မနှိုင်းယှဉ်သာပါပေ။ မေဒေါင်းသည် အရှင်မ၊ သခင်မ မဟုတ်လား။ မမသိန်းနှင့် မမလှိုင်သည် အခစားရုံရွှေတော် မဟုတ်လား။

"လှလိုက်တာ မေဒေါင်းရယ်"

ပိုးတီ အမေဒေါင်းထံပါးသို့ တိုးကပ်လိုက်ရင်း မေဒေါင်း၏အလှကို မမျိုသိပ်နိုင်စွာ ဖွင့်ဟလိုက်မိသည်။ မေဒေါင်းသည် ပိုးတီဘက်သို့ ငဲ့စောင်းကြည့်လာ၏။ မေဒေါင်း၏ဟန်ပန် အသွင်သဏ္ဍာန်သည် တည်ငြိမ်လွန်းလှပေ၏။ ပိုးတီကို ကြည့်လိုက်သည့် အကြည့်တို့သည် ငြိမ်းအေးလွန်း၏။ မာနတရားတို့ ကင်း၏။ ညွတ်ပျောင်းခြင်းတို့ဖြင့် ထုံမွမ်း တန်ဆာဆင်ထားသည့် ကရုဏာမျက်ဝန်း၊ မေတ္တာနိမိတ်ပုံတို့ပင်ဖြစ်ကြောင်း ပိုးတီ ကောင်းကောင်းကြီး ခံစားလိုက်ရသည်။

"ပိုးတီကောင် လူလေး ရောက်လာပလား။ မနေ့ကတောင် လူလေးကို မေဒေါင်း မျှော်နေမိသေးရဲ့။ သို့ပင်မဲ့ မင့်အဖေ ကျောက်တံရဲ့စနက်ဆိုတာသိလို့

မေဒေါင်း စိတ်ဒုန်းဒုန်းချလိုက်မိပါရဲ့။ ကျောက်တံနဲ့လည်း ခက်ပါတယ်ကွယ်။ ကိုယ့်သားသမီးရဲ့ ဖြစ်တည်မှုကို မသိလောက် မမြင်လောက်အောင် အတ္တဇောတွေ ဖုံးနေတော့တာပဲ။ ဘယ်မိဘကတော့ ကိုယ့်သားသမီးကို သည်လိုဘဝ ဖြစ်စေချင်မတုံး။ ဘယ်သားသမီးကရော သည်လိုဘဝ ရချင်မတဲ့တုံး။ မလွဲသာတဲ့ အကြောင်းတွေ ပါလာတော့လည်း လက်ခံကြရမှာပဲပေါ့"

မေဒေါင်းသည် ပိုးတို့ခေါင်းကို နူးညံ့ညင်သာစွာ ပွတ်သပ်ရင်း ကရုဏာစကားဆို၏။ အဘယ်ကြောင့်ရယ် မသိ။ ပိုးတို့စိတ်ထဲတွင် ဝမ်းနည်းစိတ်တို့သည် လှိုက်တက်လာ၏။ အဖေနှင့်အမေ့မျက်နှာကို ပိုးတီ မြင်ယောင်လာသည်။ "အဖေသည် မေဒေါင်းနဲ့လောက်ပင် ပိုးတီ၏စိတ်၊ ပိုးတီ၏ဖြစ်တည်မှုကို လက်ခံမပေးနိုင်ပါလား" ဟူသည့်အတွေးတို့သည် ပိုးတီ၏ရင်ကို ဆူးသဖွယ် ထိုးဆွလေသည်။ ပိုးတီ မေဒေါင်းရှေ့မှာပင် မျက်ရည်ကျမိ၏။ မေဒေါင်းသည် ပိုးတီ၏ မျက်ရည်တို့ကို တယုတယ သုတ်ပေးလေသည်။

"မမသိန်း။ အနောက်မယ်တော်ကြီး ချော့ရမယ့်အလှည့်ရောက်ပြီ"

နတ်ထိန်း မကြင်သည် မေဒေါင်းနှင့် ပိုးတို့အနီးတွင် ထိုင်နေသည့် မမသိန်းအနားလာကာ ခပ်တိုးတိုး သတိပေးသွားသည်။ မမသိန်းသည် ငြိမ်သက်စွာ ထိုင်နေရာမှ မကြင် စကားကြောင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ မမသိန်းသည် အမေရေရင်နတ်ကို ချော့မည့်သူဖြစ်သည်။ နက်မှောင် ပြောင်လက်နေသည့် ဖဲသားဝတ်စုံကို တင်းစေ့နေအောင် ဝတ်ဆင်ထား၏။ ဦးခေါင်းထက်မှ မြွေရုပ် ဗောင်းတော်ကြီးသည်လည်း အနက်ရောင်ပင်ဖြစ်သည်။ မမသိန်း၏ မျက်လုံးတို့သည်လည်း ဝတ်စုံနှင့် လိုက်ဖက်စွာပင် နက်မှောင် ကော့ရွှန်းနေလေသည်။

"ဘယက်ကယ်မှ သိင်္ဂီ ××× လွန်းပြန်ငယ်စိမ်း ချိတ်ထဘီနဲ့ ××× သိင်္ဂီရယ်မှ လက်ကောက် ××× ဝင်းရောင်တောက်ပါတဲ့ ××× မြမြောက်ကယ်မှုဟန် ××× ဖြစ်ပြန်သရုပ် ××× ရစ်တန်ငယ်ထုတ်ပါလို့××× ဟုတ်တိုင်းကိုပင် ပြန်ခဲ့မည်××× ဩော်...ပထမအစ မဋ္ဌိမတွင်××× ကန်တော့ဘွဲ့ခံ ××× မြေစာစမုံ ××× အစုံအညီ ××× ကိုယ်စီကိုယ်ငှ ××× အုပ်စိုးကြသည် ××× အစ်မအကြီး ငါးစီးဆင်ရ ယောရှင်မတဲ့..."

ဆိုင်းဝိုင်းရှေ့မှ မကျောက်ဖြူနီးသည် အမေရေရင်နတ်ကို ပင့်နေချေပြီ။ မမသိန်းသည် ပိုးတီဘေးမှထကာ ကန္နားစင်ရှေ့သို့ လှမ်း၏။ ကန္နားစင်ရှေ့သို့ ရောက်လေလျှင် နတ်ရုပ်စုံကို ဦးခိုက်၏။ ထို့နောက် ငှက်ကြီးတောင်ခါးနှစ်လက်

mgyoe.com

ကိုယ့်ကာ ရင်ဝယ်ယှက်၍ တငြိမ့်ငြိမ့် တညွတ်ညွတ် ကလေသည်။

"ပညာမောက်ကျော် အနောက်ကတော်ကြီးပါဘုရား။ ဓားပိုင် ကျားပိုင် မီးပိုင် ရေပိုင်တဲ့ အနောက်မယ်တော်ကြီး အမေရေယဉ်ပါဘုရား"

မကျောက်ဖြုန်း၏ အသံသည် ငြိမ့်ညောင်း ချိုမြလှသည်။ ပိုးတီသည် မမသိန်းကို မျက်တောင်မခတ်တမ်း စူးစူးစိုက်စိုက် ကြည့်နေမိသည်။ လှလိုက်သည့် မမသိန်း။ ထည်လိုက်သည့် မမသိန်း။ မမသိန်း၏ မျက်လုံးတို့သည် ရီဝေနေ၏။ ဘယ်ဆီဘယ်ဝယ် မရည်ရွယ်ပါဘဲ ရှေ့တူရူအရပ်သို့သာ ခပ်ထွေထွေကြည့်ရင်း ခန္ဓာကိုယ်သည် ယိမ်းရုံမျှ ယိမ်းနေ၏။ ညွတ်ရုံမျှ ညွတ်နေ၏။

"ပုံတောင်တောက ယောတောသူ၊ ပုံညာစခန်းက ပော်နန်းသူ။ ဓားနှောင့် ကျောက်စီ၊ ဓားနီရွှေသား၊ လက်ကိုင်ထားတဲ့၊ တစ်မိုးအောက် တစ်ယောက်ထွန်း၊ တစ်မြေပြင် ရေယဉ်၊ ပော်နန်းသူ သခင်မကြီးပါဘုရား။ ဖင်အောက်မှာကျား၊ လက်မှာဓားနှင့်၊ မြွေပွေးမြွေဟောက်၊ ငန်းခြောက်တစ်သွယ်၊ လူကိုပင်လည်း လူသည်းစား၍၊ ကျားကိုပင်လည်း ကျားသည်းစား၍၊ မြွေရဲ့အရိုး ဆံထိုး ထိုးပြီး စပါးကြီး စပါးအုံး ခေါင်းအုံးလုပ်ပြီး"

မကျောက်ဖြုန်း၏ အသံကို ကြားရသည်မှာ ပိုးတီ၏ သည်းအူနှလုံးတို့ကို တုန်ခါနေစေသည်။ ပိုးတီ၏နှလုံးသည်းအိမ်တွင် စွဲထင်နေသည့် စောနန်းမွန်ဟူသော ရှမ်းကဒူးမလေးကို မြင်ယောင်မိသည်။ အလောင်းစည်သူမင်းတရားကြီးက စောနန်း မွန်တို့ မောင်နှမတစ်စုအား ကျားစာကျွေးပုံတို့ကိုလည်းကောင်း၊ စောနန်းမွန်ဆိုသည့် စိတ်တန်ခိုးရှင် မိန်းမပျိုလေးသည် အလောင်းစည်သူမင်း၏ ဖောင်တော်ဦးရှေ့ရှိ ရေပြင်ထက်တွင် ထဘီစွန်တောင်ဆွဲ၍ ရေပေါ် လမ်းလျှောက်ပြပုံတို့သည်လည်း ကောင်း ပိုးတီ၏ စိတ်မြင်လွှာတွင် ပုံရိပ်ထင်လာကြသည်။ ဘယ်ဆီဘယ်ဝယ်မသိ ပိုးတီ လွမ်းလှဘိသည်။ တောကြီးမြိုင်ယံ နတ်ပေါင်းစံသည့် ပုံတောင်ပုံညာ အရပ် ကိုလား။ သို့တည်းမဟုတ် ကျားအပေါင်းတို့ သခင်မ၊ မြွေအပေါင်းတို့ သခင်မ ပော်နန်းသူ အမေရေရှင်ကိုလား ပိုးတီ မသိပါ။ သို့သော် လွမ်းမိပါသည်။

မမသိန်း၏ လှလိုက်ပုံကလည်း ရက်စက်ပါပေသည်။ နက်မှောင်ပြောင်လက် နေသည့် ပိုးဖဲစထက်မှ ရောင်စုံစီးကွန့်တို့သည် လက်လက်ထနေ၏။ ဦးခေါင်းထက်ရှိ မြွေရုပ်ဗောင်းတော်ကြီးကလည်း အသက်ဝင်နေသည့်အလား။ ပိုးတီကို ညှို့ငင်လွန်း လှပေသည်။ ဓားနှစ်လက်ကို ရင်မှာယှက်လိုက်၊ ပခုံးထက်သို့ ဓားနှောင့်ရိုက်လိုက်ဖြင့် ကနေပုံကို ပိုးတီ အားကျလွန်းလှ၏။ တစ်ဖန် ဓားတစ်လက်ကို အောက်တွင်ထား၍

mgyoe.com

စားတစ်လက်နှင့် အပေါ်မှ သွေးဟန်ပြုပြန်သည်။ ထိုအခါ ပရိသတ်တို့သည် စားကြေးဆက်ကြလေ၏။ မမသိန်းသည် ပုပ္ပားနယ်သူ ဖြစ်သည်။ မေဒေါင်းနှင့် သွေးသားရင်းကဲ့သို့ ကျွမ်းဝင်ကာ မေဒေါင်းနှင့်အတူ လိုက်နေခြင်းဖြစ်ပေသည်။ ပုပ္ပားပွဲရက်နှင့် ရံဖန်ရံခါမှသာ သူ့ဇာတိသို့ ပြန်တတ်သည်။ မမသိန်းဘဝသည် လွတ်လပ်လိုက်ဘိခြင်း။ တစ်နေ့တော့ ပိုးတီ မမသိန်းလို ဖြစ်ကိုဖြစ်ရမည်။ မဟုတ်ပါဘူးလေ။ ပိုးတီ မမသိန်းလို မဖြစ်ချင်ပါ။ မေဒေါင်းလိုသာ ဖြစ်ချင်သည်။ မေဒေါင်းလိုပင် ဖြစ်ရမည်။ မေဒေါင်း၏ အရိုက်အရာကို ဆက်ခံသူသည် ပိုးတီမှတစ်ပါး တခြားသူ မဖြစ်စေရ။

"နတ်တကာ့နတ်ထဲမှာ ဦးရှင်ကြီးရယ်၊ အမေရေရှင်ရယ်၊ မငွေတောင်ရယ်က အရှင်ထွက်တွေ လူလေးရဲ့"

မမသိန်းထံ မျက်တောင်မခတ်တမ်း ကြည့်နေသည့် ပိုးတီကို မေဒေါင်းက မှတ်သားမှတ်ဖွယ်များ ပြောပြ၏။ ပိုးတီလည်း မေဒေါင်း၏ စကားတို့ကို စိတ်ဝင်တစား နားထောင်နေမိသည်။ မေဒေါင်းပြောသမျှ စကားတို့ကို ပိုးတီ ဘယ်လောက် နားထောင်ရစေကာမူ အားရသည်ဟူ၍ မရှိ၊ နားဝသည်ဟူ၍ မရှိ။

"မေဒေါင်း မမသိန်းက တကယ် နတ်ဝင်နေတာလားဟင်။ မမသိန်းကို ကြည့်ရတာ လူစိတ် မရှိတော့သလိုပဲနော်။ သူ့ကို တကယ့်အမေရေယဉ်နတ် ဝင်စီးတာလားဟင်"

ပိုးတီ၏ အမေးအဆုံးဝယ် မေဒေါင်းသည် ပိုးတီကို ကြင်နာစွာကြည့်ရင်း ပြုံး၏။ ပိုးတီခေါင်းကို တယုတယပွတ်သပ်ပြန်၏။ ကလေးက ကလေးနေရာ မနေရကောင်းလားရယ်လို့ အဆူအငေါက် မရှိ၊ မသိကျိုးကျွန်ပြုခြင်း မရှိ။ စိတ်ရှည်လက်ရှည် ရှင်းပြလေသည်။

"ဝင်သည်လည်း ရှိသလို မဝင်သည်လည်း ရှိတာပေါ့ လူလေးရဲ့။ ကိစ္စကြီးငယ်ရှိရင်တော့ နတ်က တကယ်ကပ်ပါ့တော်။ တော်ရုံဆိုရင်တော့ တုန်ယင်ရုံသာရှိပြီး မပူးဘူးကွဲ့။ နတ်ရေစင်သောက်ပြီး နတ်လမ်းနတ်ခရီး ပြီးထားသူတွေအတွက်ကတော့ နတ်က အသိစိတ်ပျောက်လောက်အောင် ပူးမနေလည်း ဟောလို့တော့ ရပါ့ကွယ်။ လူ့လိပ်ပြာတစ်ဝက် နတ်လိပ်ပြာတစ်ဝက်ပေါ့ ပိုးတီရဲ့"

မေဒေါင်း ရှင်းပြသည်မှာလည်း စုံလင်လှပါသည်။ နတ်ဆရာဖြစ်ရန်အတွက် တစ်ပွဲရေစင် စသောက်ရသည်ဆို၏။ ရေစင်မသောက်မီ ခေါင်းစွဲနတ် ရွေးရပြန်သည်။ နတ်ဆရာလုပ်မည့်သူက အမျိုးသားဖြစ်လျှင် အမျိုးသမီးနတ်သုံးပါးကို

mgyoe.com

အမည်ရေးပြီး မဲနှိုက်ရသည်။ နတ်ဆရာလုပ်မည့်သူက အမျိုးသမီးဖြစ်လျှင် အမျိုးသားနတ်သုံးပါး အမည်ကို ရေး၍ မဲနှိုက်ရသည်။ နှစ်ကြိမ်ကျသည့် နတ်သည် ကိုယ့်ကို အမြဲစောင့်ရှောက်မည့် ခေါင်းစွဲနတ်ဟု မှတ်ယူရ၏။ ထို့နောက်မှ သုံးပွဲရေစင်၊ ငါးပွဲရေစင်၊ ခုနစ်ပွဲရေစင် သောက်ရသည်။ ခုနစ်ပွဲရေစင် သောက်ရန် စံခန်းဝင်လိုက်သည်နှင့် နတ်ဆရာ ဖြစ်တော့သည်။ ပိုးတီ စိတ်ဝင်စားလှပါသည်။ ပိုးတီရော ဘယ်အချိန်မှများ ရေစင်သောက်ခွင့်ရမှာပါလိမ့်။ စံခန်းဝင်ခွင့် ကြုံမှာပါလိမ့်။ အမေဒေါင်းက ပြောသေးသည်။ ကြက်ဖလားနှင့် နတ်စားအပ်ပြီးလျှင်တော့ ကန္တားစီးခွင့် ရပြီတဲ့။ ပိုးတီ ကန္တားစီးချင်လှပါပြီ။ ကန္တားစီးမကြီး မိပိုးတီ ဖြစ်ချင်လှပါပြီ။ သို့သော် ဆယ့်သုံးနှစ် ဟူသော အသက်အရွယ်သည် နုငယ်လွန်းလှ၏။ ပိုးတီ ကန္တားစီးနိုင်မည် မထင်ပါ။ စီးနိုင်သည် ထားဦး အဖေက ပိုးတီကို ခွင့်ပြုပါ့မလား။ ပိုးတီ ရင်မောလိုက်ရပုံများ။

ဟော... မမသိန်းသည် ပိုးတီတို့အနား ပြန်ရောက်လာခဲ့ပြီ။ မမသိန်း၏ နဖူးထက်တွင် ချွေးစလေးများ စို့နေ၏။ နတ်ထိန်းမကြင်က မမသိန်း၏ နဖူးထက်မှ ချွေးတို့ကို တို့ဖတ်ကလေးဖြင့် ခပ်ဖွဖွပုတ်ပေး၍ ခြောက်သွေ့စေသည်။ မမသိန်း ကိုယ်တိုင်ကလည်း သူ၏ ဆွဲခြင်းထဲမှ ခေါက်ယပ်တောင်ကလေးကို ထုတ်ယူ၍ နွဲ့နွဲ့နှောင်းနှောင်းဟန်ဖြင့် ခတ်သည်။ ကနွဲ့ကလျဟန်ဖြင့် နွဲ့နှောင်းနေသော မမသိန်းသည် တကယ့် ကြွတ္ထိယကြီးသဖွယ်။ သုံးတောင်ဝတ် မိန်းမသားကြီးအလား။ အမှန်တွင် မမသိန်းသည်လည်း မေဒေါင်းကဲ့သို့ပင် အမျိုးသားကြီးတစ်ဦးသာ ဖြစ်လေသည်။ အမည်ရင်း သိန်းနိုင်မှ "သိန်း"ကို အဖျားဆွတ်ယူကာ မမသိန်းဟူ၍ နာမတော်ခံထားခြင်းသာဖြစ်၏။

"ရွှေတောင်တဲ့ ရွာသူ၊ တက်ပြား သဒ္ဒါတူလို့၊ ဖွားချမ်းသာ ဖြူဖြူဖွေး၊ အေးမြသီတဂူ၊ မြူအိုးဆူ၊ ပြာဖြူကွဲ့လဲ့သမ်း၊ ငှက်ခါးတောင် ထန်းရည်ခါးရယ်၊ ဆီးကြိုရမှန်း"

မမသိန်းအလှည့်ပြီးလျှင် မမလှိုင်သည် အမေဂျမ်းနတ်ကို ချော့၏။ ပိုးတီသည် မမလှိုင်ကိုလည်း တမေ့တမော ငေးကြည့်နေမိပြန်သည်။ ပိုးတီ၏နားထဲတွင် နတ်ဒိုးသံတို့မှတစ်ပါး၊ ပိုးတီ၏မြင်လွှာတွင် ကကြိုးကကွက်များမှတစ်ပါး အခြားအရာများကို မကြားတော့၊ မမြင်တော့။ ပတ်ဝန်းကျင်ကို မေ့လျော့နေမိသည်။

"ပိုးတီကောင်"

ပိုးတီ၏ နာမည်ကို ဒေါသတကြီး အော်ခေါ် လိုက်သည့် အသံနှင့်အတူ

mgyoe.com

mgyoe.com
SAMPLE BOOK


ပိုးတီ၏လက်တစ်ဖက်ကိုလည်း ဆတ်ခနဲ ဆောင့်ဆွဲခံလိုက်ရသည်။ ပိုးတီ၏ လက်အရိုးသည် ကျိုးသွားသလားပင် ထင်ရ၏။ ရုတ်တရက် ဆောင့်ဆွဲခံလိုက်ရသဖြင့် ပိုးတီ၏ကိုယ်လုံးလေးသည် တုန်သွားသည်။ နတ်ဆိုင်းသံတို့သည်ပင် တဒင်္ဂ တုံ့ဆိုင်းသွားခဲ့သည်။ ပိုးတီ နောက်ဘက်သို့ ဖျတ်ခနဲလှည့်ကြည့်လိုက်မိရာ ပိုးတီ၏ ရင်အစုံသည် ပြင်းစွာသော ငလျင်လှုပ်ခတ်လိုက်သည့်သဖွယ် တုန်ဟည်းသွားတော့သည်။ မီးဝင်းဝင်းတောက်မတတ် မျက်လုံးတစ်စုံ အောက်တွင် ပိုးတီ အရည်ပျော်သွားလိုက်ချင်သည်။

"ဟင်...အဖေ"

ပိုးတီသည် လူအုပ်ကြားထဲမှနေ၍ အဖေဆွဲခေါ်ရာနောက်သို့ ဒယဉ့်ဆွဲလိုက်ပါခဲ့ရလေသည်။ ပိုးတို့ရင်ထဲတွင် ဝိုင်းကြည့်နေသည့် လူအုပ်ကြီးကို ရှက်သည့်စိတ်၊ အဖေ့၏ ဒေါသတို့ကို ကြောက်သည့်စိတ်၊ ဝမ်းနည်းသည့်စိတ်တို့ ပေါင်းစုထွေးယှက်ကာ မွန်ထူနေတော့သည်။ မျက်ရည်တို့သည် မငိုပါဘဲ စီးကျလာ၏။ ဖုန်တထောင်းထောင်းထနေသည့် ရွာလမ်းမပေါ်တွင် ပိုးတီသည် အဖေ့နောက်တော်ပါးမှ ခွေးသေကောင် တစ်ကောင်အလား။ ဖြစ်နိုင်လျှင် ပိုးတီ အငွေ့ပျံ ပျောက်ကွယ်လိုက်ချင်ပါသည်။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၄)

ပိုးတီ အိမ်အောက်မှ ဝါပုတ်ပေါ်တွင် ခွေနေမိ၏။ ပိုးတီ၏ တစ်ကိုယ်လုံး နာကျင်နေသည်။ ပိုးတီ လက်ကလေးသော်မှပင် မမြှောက်ချင်။ ခြေထောက်ကလေး သော်မှပင် မလှုပ်ချင်။ လှုပ်လိုက်သည်နှင့် နာလှသည်။ ခြေသလုံးသားတို့တွင် ထနပ်ပြားရာအစင်းတို့သည် ထင်းနေ၏။ အညိုအမည်း စွဲနေ၏။ လက်အဆစ်တို့ သည်လည်း နီရဲရောင်ကိုင်းနေ၏။ နောက်ကျောပြင်ကိုတော့ ပိုးတီ ပြန်ကြည့်၍ မရပါ။ သို့သော် သပြေသီးမှည့်ရောင်ထနေမည်မှာ မြေကြီးလက်ခတ် မလွဲနိုင်ပါ။

"ရှင်ဒွေးလှ... ညည့်သား ပိုးတီကောင်ကို မိဒေါင်းဆီသာ ကြပ်ကြပ်လွှတ်။ နတ်ကတော် ဖြစ်လိမ့်မယ် သိရဲ့လား။ ဘယ့်နှယ်... မွေးထားတာက သား ယောကျ်ားလေးဆိုပြီး ကျားကျားလျားလျား ရှိမလားမှတ်တယ်။ နတ်ချို၊ နတ်ချော့၊ နတ်တိုင်တွေနဲ့ နတ်ကတော်စိတ် ဝင်ရတယ်လို့ပဲ"

အဖေသည် အိမ်တံစက်မြိတ်အောက်တွင် ထိုင်၍ဓားသွေးနေရာမှ အမေ့ကို လှမ်းပြောသည်။

"ကိုကျောက်တံရယ် တော်ကလည်း တစ်ဆိတ် မလွန်လွန်းဘူးလား။ ကလေးကို ကလေးလို ဆုံးမပါတော့လား။ သူဖြစ်ချင်တာ သူလုပ်ချင်တာကလွဲလို့ ကလေးက ဘာသိမတုံး။ တော်မဖြစ်စေချင်သလိုပဲ ကျုပ်ကလည်း ဖြစ်စေချင်လှတယ် များ အောက်မေ့နေသလား။ ကလေးကရော ဖြစ်ချင်မတဲ့လား။ တော်တို့သားအဖ

mgyoe.com

mgyoe.com

ကြားမှာ ကျပ်တော့ တကယ် စိတ်ဆင်းရဲရပါတယ်တော်။ မိခွေးလှ သေမှ အေးမှာပါ"

အမေက ပိုးတီကို ဆေးလိမ်းပေးနေရာမှ အဖေ့ကို ငိုရင်း ပြန်ပြော၏။ အမေ မသေရပါ။ အမေ သေလိုက်သည်နှင့် အေးမည့်ပြဿနာလည်း မဟုတ်ပါ။ ပိုးတီသာ သေချင်သည်။ ပိုးတီသေလျှင် သည်ပြဿနာ အေးပါသည်။ ပိုးတီကြောင့် အားလုံး စိတ်ဆင်းရဲနေရသည် မဟုတ်လား။ ပိုးတီ မငိုတော့ပါ။ ပိုးတီ မနေ့က အဝ ငိုခဲ့ပြီ။ ယခု ငိုရန် မျက်ရည်တို့ ခန်းခြောက်ခဲ့ပြီ ထင်ပါသည်။ ရင်ထဲမှာတော့ နာသည်။ အပြင်က အဖေရိုက်သည့် ထနုပ်ပြား ဒဏ်ရာတို့ထက် ရင်ထဲမှ စိတ္တဇ ဒဏ်ရာက ပို၍ နာပါသည်။ ပိုးတီ အဖေ့ကို စိတ်နာသည်။ ကိုယ့်ဘဝကိုယ်လည်း စိတ်နာသည်။ ပိုးတီ၏ ဖြစ်တည်မှုသည် ထိုမျှပင် စက်ဆုပ်ဖွယ်ကောင်းလေသလား။ ထိုမျှအထိ အနှိမ်ခံထိုက်ပါသလား။ ပိုးတီတို့လို လူတွေအားလုံးကရော လူညွန့်တုံး လူဖြစ်ရှုံးနေကြသူတွေလား။ ပိုးတို့ရင်ထဲ လှိုက်ဆို့နေမိသည်။ ဖြစ်နိုင်လျှင် အိမ်မှာပင် မနေချင်တော့ပါ။

အမေကတော့ အဖေ့ထက်စာလျှင် ပိုးတီကို နားလည်ပေးနိုင်သည်။ အမျိုးသမီးလည်းဖြစ်ပြန်၊ နတ်ကိုးကတော်ကိုး စိတ်ခံလေးလည်းရှိသူပီပီ ပိုးတီ အပေါ် အဖေလောက် မတင်းကြပ်ပါ။ သို့သော် အမေသည်လည်း ကိုယ်တိုင်မွေးထားသည့် သားဖြစ်သည့်အတွက် ကျားစီးဖားစီး ရှိစေချင်မည်သာ။ ပိုးတီအပေါ် အပြည့်အဝနားလည်ပေးနိုင်ဆုံးသူသည် မေဒေါင်းတစ်ယောက်သာရှိသည်။ ပိုးတီ မေဒေါင်းကို သတိရသွားသည်။ မေဒေါင်းလည်း ပိုးတီ အရိုက်ခံရသည့်အဖြစ်ကို သိပေလိမ့်မည်။ ပိုးတီ အရိုက်ခံရတိုင်းလည်း မေဒေါင်းသည် အိမ်ကို ရောက်လာစမြဲ။ အဖေနှင့် အတိုက်အခံပြု၍ ပိုးတီကို ကာကွယ်ပေးမြဲပင်။ အဖေကလည်း မေဒေါင်း အတိုက်အခံလုပ်၍ ပြောသမျှကို ဘယ်သောအခါကမှ လက်မခံခဲ့ပေ။ မေဒေါင်းကိုသာ ဆဲဆိုကြိမ်းမောင်း၍ လွှတ်တတ်မြဲ။ မေဒေါင်းမို့သာ အဖေ့ကို စိတ်မနာနိုင်ခြင်းပင်။ အမှန်ဆိုလျှင် အဖေနှင့် အမေတို့သည် မေဒေါင်း၏ ငယ်ပေါင်းကြီးဖော်များ ဖြစ်ကြသည်။

မေဒေါင်း ပြောသည်ကို ပိုးတီ ကြားဖူးရသလောက်ဆိုလျှင် သူတို့သည် ငယ်စဉ်ကတည်းက တတွဲတွဲ မခွဲဘဲ အတူနေ အတူစားခဲ့ကြသူများဖြစ်၏။ အရွယ်ကလေးရချိန်မှ မေဒေါင်းသည် အရှင်ကိုး သခင်ကိုး နတ်ကတော်လောကထဲသို့ ခြေစုံပစ်ဝင်ခဲ့သည်။ အဖေနှင့် အမေသည်လည်း ငယ်ကျွမ်းများပီပီ ပေါင်းဖက်ခဲ့ကြရသည်။ သည်တော့မှ တစ်လမ်းစီကွဲ တစ်ခရီးစီ နှင်ခဲ့ကြခြင်းပင်။ ငယ်သံယောဇဉ်

mgyoe.com

mgyoe.com

တို့သည်ကား မသေးလှ၊ ထို့ကြောင့်လည်း မေဒေါင်းသည် အဖေ့၏ ဆူဆူဆဲဆဲ မာန်မာန်မဲမဲ ဒဏ်တို့ကို သည်းညည်းခံခြင်း ဖြစ်ပေလိမ့်မည်။ ပိုးတီ မေဒေါင်းကို ချစ်သည်။ မေဒေါင်းကို အားကိုးသည်။ မေဒေါင်းသည် ပိုးတီဘဝ၏ သခင်မ၊ ပိုးတီဘဝ၏ အရှင်မ။ နေမင်းတစ်ဆူ၊ လမင်းတစ်ဆူဟု ပိုးတီ ခံယူထားခဲ့သည်။ မေဒေါင်းကလည်း ပိုးတီအပေါ် သားသဖွယ် သမီးလိုတသွယ် မေတ္တာကြီးမားလှပါသည်။

"ဘယ်သန္ဓေ ဘယ်ဗီဇပါလိမ့်။ ကျောက်တံသားက ကျောက်တံသွေး မပါဘဲ ဘယ့်နှယ်ကြောင့် ဒေါင်းတင်သွေး ပါနေရမှန်း မသိပေါင်။ အဲသည်ကောင် ပိုးတီ အဲသလောက် ပျော့နေရတာ ညည်းနဲ့ ဒေါင်းတင်ရဲ့ ပယောဂ မကင်းဘူး ရှင်ဒွေးလှရဲ့။ ပိုးတီကောင် တဲ့။ ညည်းတို့ ပေးခဲ့တဲ့ နာမည်ပဲ။ သည်ကောင် ပျော့ညံ့နေတာတွေက ပညတ်သွားရာ ဓာတ်သက်ပါတာပဲအေ့။ ဘယ့်နှယ့်ဗျာ။ ငါ့မတော့ ငါ့သားလေးက ယောက်ျားတံခွန် လူရည်မွန်ဟ၊ ကောင်းကင်တမွတ် ကြယ်ကိုဆွတ်ရော့ ဟရယ်လို့ မျှော်ကိုးခဲ့လိုက်ရတာ ခုတော့ဖြင့် မိတ်ကပ်လိမ်းချင်ရတာနဲ့၊ နှုတ်ခမ်းနီ ဆိုးချင်ရတာနဲ့ ငါဖြင့် ရှက်တောင်ရှက်တယ်"

အဖေ့စကားလုံးများက ပိုးတီ၏နှလုံးသားဆီကို အရှိန်ဖြင့် လွင့်စဉ်လာသော ဖန်ကွဲစများသဖွယ် လာရောက်စူးစိုက် ထိမှန်သည်။ ပိုးတီ သိမ်ငယ်လိုက်သည့် ဖြစ်ခြင်း။ ပိုးတီအတွက် မိဘတွေ အရှက်ရစေသလား။ ပိုးတီကရော မိဘတွေကို အရှက်ရပါစေတော့ရယ်လို့ ဒီဘဝကို တမင် ဖန်တီးပြီး ရယူခဲ့မိတာလား။ ပိုးတီ အဖေ့ရှေ့ရောက်တိုင်း အခိုးအငွေ့လို လွင့်စဉ်ပျောက်ကွယ်ချင်ခဲ့သည်။ အဖေ့၏ အကြည့်စူးစူးများအောက်တွင် ပိုးတီ၏ ရဲရင့်စိတ်တို့သည် အရည်ပျော်ခဲ့ရသည် ချည်း။ သို့သော် ပိုးတီ၏ ဘဝအိပ်မက်တို့သည်ကား ခိုင်မာမြဲ၊ ရှင်သန်မြဲ၊ အားကောင်းမြဲပင်။ အဖေသည် ပိုးတီ၏ နှလုံးသားကို နာကျင်စေသည့်တိုင် ပိုးတီ၏ အိပ်မက်တို့ကိုတော့ မချိုးဖျက်နိုင်ခဲ့ပါချေ။

မေဒေါင်းကျဘောလည်း ကံကောင်းလွန်းလှသည်။ မေဒေါင်း မိဘများသည် မေဒေါင်း၏ ဆန္ဒကို မပိတ်ပင် မတားဆီးခဲ့ချေ။ မေဒေါင်းအလိုကျ ခွင့်ပြုခဲ့သည်ဟု မေဒေါင်း ပြောပြဖူးသည်။ ဘယ်လောက် ကံကောင်းလိုက်ပါသလဲ။ ဘဝ၌ အတားအဆီးမရှိ လွတ်လပ်စွာ ပျံသန်းခွင့်ရခြင်းသည် ကံကောင်းခြင်းပင် မဟုတ်လား။ မကောင်းသည့်အလုပ်၊ အကျိုးမဲ့စေသည့်အလုပ်မှလွဲလျှင် အနှောင်အဖွဲ့ကင်းစွာ လျှောက်လှမ်းခွင့်ရခြင်းသည် လူ့ဘဝ၏ အနှစ်သာရများထဲက တစ်ခုဟု

mgyoe.com

mgyoe.com SAMPLE BOOK

မေဒေါင်းက ပိုးတီကို ပြောဖူးသည်။ သည်လိုဆိုလျှင် ပိုးတီ၏ဘဝကရော လှောင်ချိုင့်စံ ငှက်ငယ်လေးတစ်ကောင်လေလား။ အကျဉ်းချခံထားရသည့် အကျဉ်းသားတစ်ယောက်လေလား။

"ဟော့ကောင် ပိုးတီကောင် လာစမ်း၊ မင်း ငါ့နားလာခဲ့စမ်းဦး။ မင်းနဲ့ငါ အပြတ်ရှင်းမှ ရမယ်။ မင်း ဒီပုံအတိုင်း ဆက်လုပ်နေရင် ငါ့ဒေါသကို ငါသိတယ်။ မင်းကို ငါ သတ်မိတော့မှာ။ လာခဲ့စမ်း ငါ့နားကို"

အဖေ့ခေါ်သံသည် ပိုးတီ၏ နားထဲတွင် မဟာပထဝီမြေထုကြီး တုန်ဟည်းလိုက်သည့်သဖွယ်။ သို့သော် ပိုးတီ၏ ခန္ဓာကိုယ်သည်ကား စပါးကြီးမြွေ၏ ညှို့ငင်ခြင်းခံထားရသည့် ယုန်သူငယ်တစ်ကောင်ပမာ။ ပယောဂကုဆရာရှေ့တွင် ရောက်ရှိနေသည့် ပြုစားခံ လူမမာအလား အမိန့်တို့ကို နာခံလျက်သား။ ပိုးတီ အဖေ့အသံကြားလိုက်သည်နှင့် ဝါပုတ်ပေါ် မှ ဆတ်ခနဲထသည်။ အမေကမူ ပိုးတီကို ဆေးလိမ်းပေးနေရာမှ ပိုးတီ ထလိုက်သည်ကို မြင်သဖြင့် ပိုးတီ၏ခြေသလုံးကို မသိမသာဖမ်းဆွဲထားသည်။ အဖေ့ကိုကြည့်ပြီး ပိုးတီကို ထပ်မရိုက်တော့ရန်လည်း တောင်းပန်သည်။ ပိုးတီကမူ ခြေထောက်ကို ဆွဲထားသည့် အမေ့ လက်ကို အသာတွန်းဖယ်၍ အဖေ့ရှေ့သို့ အရောက်သွားသည်။ အဖေ့လက်ထဲတွင် သွေးလက်စ ဓားမကြီးသည်ကား အသွားတပြောင်ပြောင်၊ အရောင်တဝင်းဝင်း။ ပိုးတီ အဖေ့ရှေ့ ရောက်သွားချိန်တွင် အဖေက ပိုးတီကို မော့မကြည့်။ သူ၏လက်မဖြင့် ဓားသွားမြည့်မမြည့်ကို စမ်းနေသည်။ အမေက ပိုးတီနောက်မှ ကပ်ပါလာ၏။

"ပြောစမ်း ဟော့ကောင်... နောက် နတ်ပွဲသွားကြည့်ဦးမလား"

ပိုးတီ မဖြေပါ။ အဖေက ထပ်မေးသည်။ ပိုးတီ တုံဏှိဘာဝေသာ နေမိသည်။ အဖေ ဒေါသထွက်လာဟန် တူသည်။ ဓားသွေးကျောက်ကိုကြည့်၍ ဓားသွေးနေရာမှ ပိုးတီကို မော့ကြည့်ပြီး ခက်ထန်ကျယ်လောင်လှသော အသံဖြင့် ထပ်မေး၏။

"မသွားတော့ဘူး"

ပိုးတီ တိုပြတ်ပြတ်သာ ဖြေလိုက်မိသည်။ ရင်ထဲတွင် တုန်ခါနေသည်။ ဝမ်းနည်းခြင်း၊ ကြောက်ရွံ့ခြင်းတို့သည် အတိုင်းအဆမရှိ။ နာကြည်းခြင်း၊ မုန်းတီးခြင်းတို့သည်လည်း အလျဉ်မပြတ်။ ထို့အတူ ဖြစ်လိုရာဖြစ်စေတော့ဟု မထူးစိတ်ပိုက်လိုခြင်းတို့သည်လည်း တဖွားဖွား။

"ယာထွန်ခိုင်းတော့လည်း မထွန်တတ်။ နွားရှဉ်းကိုင်ခိုင်းတော့လည်း မကိုင်တတ်။ မင်း ကြီးလာရင်ရော ဘာလုပ်စားဖို့ စိတ်ကူးရှိသတုံး"

mgyoe.com

mgyoe.com SAMPLE BOOK

အဖေ့၏ အမေးအဆုံးဝယ် သတ်လိုက သတ်စေတော့ဟု စိတ်ပိုင်းဖြတ်လျက် ပြတ်သားသည့် စကားတစ်ခွန်းကို ဖြေလိုက်မိလေတော့သည်။

"နတ်ကတော်လုပ်မှာ"

ပိုးတီ၏အဖြေသည် အဖေ့ဒေါသကို ယမ်းပုံမီးကျစေခဲ့ပြီ။ ရှိပါစေတော့။ ကျပါစေတော့။ သတ်လိုလည်း သတ်ပါစေတော့။ သေချာသည်။ ပိုးတီ့အဖြေက သေချာပါသည်။ ထိုအဖြေသည် ပိုးတီ့ရင်ထဲမှ လာသည့်အဖြေ။ မည်သည့်အကြောက်တရားမျိုးကမှ မတားဆီးနိုင်သည့် ပိုးတီ့ရင်ထဲက အဖြေဖြစ်သည်။ အဖေသတ်၍ သေလျှင်လည်း ဘာဖြစ်သလဲ။ ကိုယ်ဖြစ်ချင်သည့်အရာ မဖြစ်ရမည့်အတူ သေတာကမှ ပိုကောင်းသည်ဟု ပိုးတီ တွေးထားသည်။ မဖြစ်ချင်သည်ကို လုပ်ယူနေရပြီး၊ ဖြစ်ချင်သည့်အရာကို လက်လွှတ်ထားရသည်ထက် ပင်ပန်းသည့် အလုပ် ရှိပါဦးမလား။ ယင်းဘဝကရော ရှင်လျက် သေရသည်နှင့် ခြားနားပါဦးမလား။

"ဘာကွ. . . ပြန်ဖြေစမ်း ဟေ့ကောင်"

"နတ်ကတော် လုပ်မှာ။ မေဒေါင်းလို နတ်ကတော်ဖြစ်ချင်တာ"

"ကိုင်းကွာ. . . လုပ်ချင်ဦးကွာ။ နတ်ကတော် ဖြစ်ချင်ဦးကွာ"

ပိုးတီ အဖေ့ဘေးမှာ ခွေခနဲ။ အဖေ့ရှေ့က ဓားသွေးကျောက်တုံးလေးသည် ပိုးတီ့အရှိုက်ကို တည့်တည့် လာရောက်ထိမှန်သည်။ ပိုးတီ၏ မျက်လုံးတို့သည် ပြာဝေနေ၏။ အသက်ရှူရသည်ပင် ခဲရာခဲဆစ်။ ရင်ဝက အောင့်နေသည်။ အမေ ဒွေးလှကမူ "အမလေး... သေပါပြီဟဲ့" ဆိုသည့် အော်သံနှင့်အတူ ပိုးတီ့ကိုယ်လုံးလေးကို ပြေးပွေ့၏။ ထိုအခိုက်မှာပင် ဝိုင်းတိုက်ထဲသို့ မေဒေါင်း ပြေးဝင်ချလာသည်။ မေဒေါင်းသည် အဖေ့ကို ဆွဲ၏။ အဖေ့ဒေါသကို တား၏။ အဖေ့လက်ထဲမှ ဓားမကြီးကို လုယူ၏။

အမေဒွေးလှသည် ငိုသည်။ မေဒေါင်းလည်း ငိုသည်။ ပိုးတီကတော့ မငိုမိပါ။ ပိုးတီ မျက်လုံးအကြောင်သားဖြင့် အဖေ့ကို ကြည့်နေမိသည်။ အဖေ့မျက်လုံးထဲမှာ မျက်ရည်တွေ။ အဖေ့မျက်ရည်တွေက အဖေ့ပါးပြင်ပေါ်သို့ တလိမ့်လိမ့်။ ဟော...အဖေ့မျက်ရည်စကလေး ပေါက်ခနဲကျသွားပြီ။ ပိုးတီ အော်ရယ်လိုက်ရမလား။ ဒါမှမဟုတ် အဖေ့ကိုကြည့်ပြီး ငိုလိုက်ရမှာလား။ အဖေက အဘယ်ကြောင့် မျက်ရည်ကျသနည်း။ အဖေကိုယ်တိုင် ပိုးတီကို ဓားသွေးကျောက်နှင့် ထုခဲ့သည် မဟုတ်လား။ ငိုချင်းငိုလျှင် ပိုးတီကသာ ငိုရမည် မဟုတ်လား။ သို့ဆိုလျှင် အဖေ့မျက်ရည်တွေက ဘာကြောင့်လဲ။ အဖေသည် ပိုးတီကို စိုက်ကြည့်နေ၏။ ထို့နောက်

mgyoe.com

mgyoe.com

ချာခနဲ လှည့်သွားပြီး အိမ်အနောက်မြောက်ထောင့်ရှိ ဇောင်းချမ်းပင်အောက်သို့ သွားထိုင်၏။ အဖေ့ကျောပြင်ကိုသာ ပိုးတီ မြင်ရတော့သည်။ အဖေ့ကျောပြင်သည် တသိမ့်သိမ့်လှုပ်နေ၏။ အဖေ့ပခုံးသားတို့သည် တဆတ်ဆတ် တုန်ခါနေ၏။ အဖေ့၏ ငိုကြွေးသံတို့သည် ရှိုက်ကြီးတငင် ထွက်ပေါ်လာ၏။

မေဒေါင်းသည် ပိုးတီကိုပွေ့၍ အိမ်ပေါ်သို့ တင်ပေးသည်။ မေဒေါင်း၏ လက်တို့သည် သန်မာလှ၏။ နွဲ့နှောင်း ပျော့ပျောင်းသည့် အသွင်သဏ္ဍာန်နှင့် မလိုက်ဖက်စွာပင် အားအင်ပြည့်လွန်းလှ၏။ ပိုးတီကို ပွေ့ချီသွားသည်မှာ ဆတ်ခနဲ။ အဖေကတော့ ပိုးတီ အိမ်ပေါ်ရောက်သွားသည်အထိ လှမ်းကြည့်နေဆဲ။ အဖေ့ လက်အစုံသည် သူ့မျက်နှာကို ပွတ်သပ်နေဟန်ရှိသည်။ ထို့နောက် အဖေ့ခန္ဓာကိုယ် သည် တဖြည်းဖြည်း လှုပ်လာသည်။ ထိုင်ရာမှ ထလာသည်။ အိမ်ဘက်သို့ ကျောပေး ထားရာမှ မျက်နှာမူလာသည်။ အဖေ့ခြေလှမ်းတို့သည် တုံ့နှေးနေ၏။ အဖေ့မျက်နှာ သည် နီရဲနေ၏။ အဖေ အိမ်ပေါ်သို့ တက်မလာပါ။ အိမ်ရှေ့ ကွပ်ပျစ်ပေါ်တွင် ထိုင်၏။ ထို့နောက် အဖေသည် မေဒေါင်းကို စကားပြောသည်။ အသံတို့သည်ကား တုန်ယင်အက်ကွဲလျက်။

"ဒေါင်းတင်... အဲဒီကောင်ကို မင့်အိမ်ခေါ်သွားတော့။ သူ သင်ချင်တဲ့ နတ်ကတော်အတတ်ပညာတွေ မင်း တတ်သလောက်သာ သင်ပေးလိုက်တော့။ သူဖြစ်ချင်တဲ့ နတ်ကတော်ဖြစ်အောင် မင်း မြေတောင်မြှောက်ပေးလိုက်တော့။ တစ်ခုတော့ မှာလိုက်ပါရစေ သူတတ်ချင်တဲ့ အဟောအပြောတွေ၊ အဆိုအငိုတွေ၊ အကအခုန်တွေကို သင်တဲ့နေ့ကစပြီး ငါ့အိမ်ရိပ်ကို ခြေမနင်းပါစေနဲ့။ မင်း သူ့ကို အပြီးခေါ်သွားတော့ ဒေါင်းတင်"

အဖေ့အသံတို့သည် တုန်ယင်နေရာမှ တည်ငြိမ်လာ၏။ ပျော့ပျောင်းရာမှ မာကြောလာ၏။ လေးဖင့်နေရာမှ ပြတ်သားလာ၏။ ဒါ အဖေက ပိုးတီကို အိမ်ပေါ်က နှင်ချတော့တာလား။ မေဒေါင်းကို အပြီးအပိုင် ပေးလိုက်တာလား။ ပိုးတီကရော ဝမ်းနည်းရမလား၊ ဝမ်းသာရမလား။ အမေ့ကို ပိုးတီ ကြည့်လိုက်သည်။ အမေသည် ခပ်ကျိတ်ကျိတ် ရှိုက်ငိုနေ၏။ မေဒေါင်းကို ကြည့်လိုက်ပြန်ရာ မေဒေါင်းသည် ပိုးတီကို ပြုံးပြရင်း လက်ကာပြ၏။

"လူလေးအဖေက လူလေးကို စိတ်ဆိုးနေတုန်းမို့ ပြောတာ။ ဘယ်မိဘက သားသမီးကို လွယ်လွယ် စွန့်နိုင်ကြလို့တုံး။ လိုက်ခဲ့လူလေး။ မေဒေါင်း အိမ်ကို လိုက်ခဲ့။ ရှင်ဒွေးလှ၊ ညည်းလည်း ဘာမှ စိတ်ပူမနေနဲ့။ သည်သားအဖ သည်လိုအတူ

mgyoe.com

mgyoe.com

နေသရွေ့ သည်လိုတွေ ဖြစ်နေဦးမှာပဲ။ သည်တော့ ငါ့အိမ်သာ ထည့်လိုက်"

အမေသည် မေဒေါင်းမျက်နှာကို ကြည့်၍ "အဲလိုလုပ်လို့တော့ ဘယ်ဖြစ်မတုံး ဒေါင်းတင်ရဲ့" ဟု ငိုရင်းပြောသည်။

"နင် နဝေတိမ်တောင်နဲ့ အသိခေါက်ခက် အဝင်နက် မလုပ်စမ်းပါနဲ့အေ။ နင့်သားကရော သူ့ဖအေက လက်မခံနိုင်လို့ဆိုပြီး သည်အတိုင်း နေမယ်ထင်သလား။ သူ ဝါသနာပါတဲ့အလုပ်ကို လုပ်နေဦးမှာပဲ။ သည်လိုလုပ်တိုင်းလည်း သားအဖချင်းက ကတောက်ကဆ ဖြစ်နေကြရဦးမှာပဲ မဟုတ်လားအေ။ ငါ့အိမ် ထည့်လိုက်တော့ရော ဘာကို စိတ်မချစရာရှိသတုံး။ အရှင့်ရိပ် သခင့်ရိပ်ထက် လုံခြုံတာ ရှိဦးမလား။ တစ်ရွာတည်းနေတဲ့ဥစ္စာ။ လွမ်းတော့ လာတွေ့ပေါ့ဟဲ့။ ငါ နယ်ပွဲတွေ ထွက်ရတဲ့အချိန်လောက်ပဲ သူလည်း ရွာခြေမကပ်ရမှာပါ။ ကျန်တဲ့အချိန်တော့ ရွာမှာပဲ နေမယ့်ဟာကို။ အချိန်တန်တော့လည်း ဖအေနဲ့သား ပြေလည်သွားကြလိမ့်မပေါ့"

ပိုးတီ မည်သို့လုပ်ရမည် မသိတော့ပါ။ မေဒေါင်းကလည်း ခေါ်နေပြီ။ အရင်ကဆိုလျှင် ပိုးတီ မေဒေါင်းအိမ်မှာသာ နေချင်သည်။ မေဒေါင်းအိမ် သွားလည်ရလျှင် အိမ်ကိုပင် မပြန်ချင်။ အဖေနှင့် မပြေလည်တိုင်းလည်း မေဒေါင်းကို တမ်းတမိသည်ချည်း။ သို့သော် ယခုကဲ့သို့ ပုံစံမျိုးနှင့် မေဒေါင်းအိမ်လိုက်ရမှာဖြင့် လိုက်သင့်ပါရဲ့လား။ ပိုးတီ ဝေခွဲမရ။

"ငါ စိတ်ဆိုးနေလို့ ပြောတာ မဟုတ်ဘူး ဒေါင်းတင်။ ငါ သူနဲ့ပတ်သက်တဲ့ မျှော်လင့်ချက်တွေကိုလည်း လုံးလုံးလက်လွှတ်လိုက်ပါပြီ။ သူနဲ့ပတ်သက်လို့ ဘာမျှော်လင့်ချက်မှလည်း မရှိတော့ဘူး။ မြင့်မြတ်တဲ့ သားယောကျ်ားက ရဟန်းမဖြစ်နိုင်တော့ပေမယ့် နတ်ကတော်တော့ ဖြစ်နိုင်တယ်လို့ပဲ မှတ်လိုက်ရုံပေါ့ဟာ။ ခေါ်သာခေါ်သွားပါ။ သူဖြစ်ချင်လှတဲ့ နတ်ကတော် ဖြစ်အောင်လုပ်ပေးလိုက်စမ်းပါ"

သေချာပါသည်။ အဖေ ပိုးတီကို စိတ်ဆိုးနေပြီ။ အဖေက ပိုးတီကို ရဟန်းတော်အဖြစ် မြင်ချင်သတဲ့လား။ ရှင်သာမဏေပြု သက်န်းစည်းပေးချင်ခဲ့သတဲ့လား။ ပိုးတီ ကိုးနှစ်သားအရွယ်၌ ကိုရင်ဝတ်ဖူးပါသည်။ ပိုးတီ မပျော်ခဲ့ပါ။ ရွာထဲသို့ ဆွမ်းခံကြွရင်း နတ်ကွန်းနားအရောက်တွင် နတ်ဒိုးသံကြားသည်နှင့် သပိတ်လွှတ်ချကာ နတ်ပွဲပြေးကြည့်စဉ်မှစ၍ ဆရာတော်ဘုရားကြီးက မသင့်တော်ပေဘူးဟု မိန့်သည့်အတွက် ပိုးတီ၏ သာမဏေဘဝ နိဋ္ဌိတံခဲ့ရသည်။ သည်တုန်းကလည်း အဖေသည် ပိုးတီကို "ယောကျ်ားဖြစ်ပါလျက် သာမဏေဘဝနဲ့ မထိုက်တဲ့ကောင်"

mgyoe.com

mgyoe.com SAMPLE BOOK

ဟု စွဲချက်တင်၍ ပိုးတီကို ရိုက်နှက်ခဲ့သည်ပင်။ သို့ဆိုလျှင် အဖေဖြစ်စေချင်သည့် သာမဏေဘဝမျိုးဖြင့် ပိုးတီ အရိုးထုတ်နိုင်ပါရဲ့လားဟု ကိုယ့်ကိုယ်ကိုယ် ပြန်မေးမိသည်။ မဖြစ်နိုင်ပါ။ ပိုးတီကို လူဖြစ်ရှုံးသည် ဆိုကြဦးတော့၊ မေဒေါင်းကိုသာ ပိုးတီ အားကျသည်။ မေဒေါင်းလိုသာ ဖြစ်ချင်သည်။ မမသိန်းနှင့် မမလှိုင်ကို အားကျသည်။ သည်တော့ ပိုးတီ မေဒေါင်းနှင့် လိုက်သွားရုံမှတစ်ပါး တခြားမရှိတော့ပေ။

ထို့ကြောင့် မေဒေါင်း ခေါ် ရာသို့ ပိုးတီ လိုက်ပါခဲ့ရသည်။ အိမ်ရှေ့စည်းခရိုးနား အရောက်တွင် ပိုးတီ အရိုက်ခံရသည်ကို ချောင်းကြည့်နေသည့် ကျောက်ခဲနှင့် ပက်ပင်းတိုးလေသည်။ ကျောက်ခဲ၏ မျက်နှာထက်တွင် လှောင်ပြောင်ပြုံး၊ ကျေနပ်ပြုံးတို့သည် အထင်းသား။ သည်လောက်ဆိုလျှင် ပိုးတီ သိပါပြီ။ ပိုးတီ နတ်ကန္နား ကြည့်သည်ကို အဖေသိသွားသည့် အကြောင်းရင်းမှာ ကျောက်ခဲ၏ စနက်မှလွဲ၍ အခြား မရှိနိုင်တော့ပေ။ ပိုးတီသည် ကျောက်ခဲကို ရွံရှာစက်ဆုပ်စွာ စူးစိုက်ကြည့်ခဲ့မိသည်။ ပိုးတီ ထိုမျှသာ တတ်နိုင်ပါသည်။

ထိုနေ့မှစ၍ ပိုးတီ၏ဘဝသည်လည်း တစ်ဆစ်ချိုး ပြောင်းလဲခဲ့ရလေသည်။ ပိုးတီကောင်သည် ကျားစီးဖားစီး မဖြစ်ခဲ့ရသည့်တိုင် ကန္နားစီးဘဝ လျှောက်လမ်းပေါ်သို့ ဖြောင့်ဖြောင့်တန်းတန်းကြီး တက်ခဲ့ နင်းခဲ့မိပါပကော။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၅)

ကိုးလဟူသော အချိန်သည် မြန်ဆန်လွန်းပေစွ။ တိုတောင်းလှပေစွ။ ဟုတ်ပါသည်။ ပိုးတီ မေဒေါင်းအိမ်သို့ လိုက်ပါခဲ့ရသည်မှာ ကိုးလတိုင်တိုင် ရှိခဲ့ပြီ။ ထိုကာလ အပိုင်းအခြားအတွင်း၌ ပိုးတီသည် အိမ်သို့ တစ်ဖဝါးမျှပင် ခြေဦးမလှည့်ခဲ့ပါ။ နေ့ရက်တိုင်းတွင် သတိရစိတ်တို့ကို ဦးချိုး၍ ခက်ခဲစွာ ကျော်ဖြတ်ခဲ့သည်။ လွမ်းသည့်စိတ်ကို နာသည့်စိတ်နှင့် ဖြေခဲ့သည်။ မေဒေါင်းနှင့်အတူ နယ်တကာလှည့်၍ နတ်ကန္ဒားလိုက်ခြင်း၊ မေဒေါင်းထံမှ နတ်ပင့်၊ နတ်ချော့၊ နတ်ချင်း၊ စံခန်းဝင်ရတု၊ တေးထပ်တို့ကို သင်ယူခြင်းဖြင့်သာ အချိန်ကုန်လွန်စေခဲ့သည်။ ရံဖန်ရံခါ အမေ့ကိုလွမ်းသည့်အချိန်၊ အဖေ့ကို သတိရသည့်အချိန်၊ တစ်စုံတစ်ရာ ခံစားရသည့်အချိန်တွင်ကား ဤနတ်ခန်းဆောင်လေးထဲသို့လာ၍ ခံစားချက်တို့ကို ဖြေဖျောက်မြဲ။ အရှင်သခင်တို့ထံ သံတော်တိုက်၊ ရင်ဖွင့်လျှောက်တင်မြဲ ဖြစ်သည်။ ယခုလည်း ပိုးတီရင်ထဲတွင် အမေ့ကို လွမ်းသလိုလိုရှိသည့်အတွက် နတ်ခန်းဆောင်လေးထဲသို့ ဝင်ခဲ့ခြင်းဖြစ်သည်။

နတ်ခန်းဆောင်ထဲတွင် နတ်ရုပ်များကလည်း စုံလှပါဘိ။ စားတော်စာများကလည်း ဖွယ်ဖွယ်ရာရာ။ အသီးအနှံများကလည်း အမျိုးစုံ။ နှင်းဆီရနံ့၊ စံပယ်ရနံ့၊ ဒေါနရနံ့တို့သည် နတ်နေခန်းတစ်ခန်းလုံး ကြိုင်လှိုင်နေ၏။ သို့သော် ပန်းတကာ့ပန်းထဲ၌ ပိုးတီ အနှစ်သက်ဆုံးပန်းသည်ကား ဆပ်သွားဖူးပန်းလေးများ ဖြစ်ပါသည်။

mgyoe.com

မေဒေါင်း ပခန်းပွဲသွားရာမှ အပြန်တွင် ဆပ်သွားဖူး ပန်းခိုင်များ ပါလာခဲ့ဖူး၏။ ထိုဆပ်သွားဖူးခိုင်များကို ပိုးတီကပင် နတ်ပန်းအိုးထိုး၍ ဆက်သခဲ့ရပေသည်။ ဆပ်သွားဖူးရနံ့များသည် ဤနတ်ခန်းဆောင်လေး၏ နန်းဦးတခွင် ကြိုင်လွင်ပျံ့သင်းခဲ့ဖူးပေသည်။ ထိုစဉ်ကတည်းကပင် ကြိုင်လှောက်နေသည့် ဆပ်သွားဖူးရနံ့လေးကို ပိုးတီ နှစ်သက်ခဲ့ရပါသည်။ ယခုမူကား ရေမွှေးရနံ့တို့သည်သာ တစ်အိမ်လုံး ထုံသင်းနေပါချေ၏။ ဤသည်တို့မှာ ပိုးတီ၏ လက်ရာများချည်း ဖြစ်ပါသည်။ ပိုးတီ ရောက်ချိန်မှစ၍ မေဒေါင်းသည် စားတော်စာဆက်ခြင်း၊ ပန်းလဲလှယ်ခြင်းတို့ကို ပိုးတီကို တာဝန်ပေးအပ်ခဲ့လေသည်။ မွှေးရနံ့ပေါင်းစုံတို့သည် ပိုးတို့နှာသီးဝသို့ တိုးခွေ့၍ ကလူကျီစယ်လာကြသည်။ ပိုးတီလည်း ထိုရနံ့တို့အား တဝကြီး မွှေးရှိုက်ပစ်လိုက်ပါသည်။ မေဒေါင်း၏ နတ်ခန်းဆောင်လေးသည် ပိုးတီနှင့် စိမ်းသက်မနေတော့ သကဲ့သို့ အမွှေးရနံ့ပေါင်းစုံကိုလည်း ယဉ်ပါး အသားကျနေခဲ့သည်မှာ ကြာချေပြီ ကော။

ပိုးတီ နတ်ရုပ်စုံကို အသေအချာ လိုက်ကြည့်ရင်း တစ်ရုပ်ချင်းစီကို လက်ညှိုးလေးဖြင့် ထိတို့ကြည့်သည်။ ပိုးတီ၏စိတ်တို့သည် ညွတ်ပျောင်းလာ၏။ နှလုံးသားတို့သည် သိမ်မွေ့လာ၏။ စိတ်ထဲမှ မကြည်လင်မှုတို့သည်လည်း လွင့်ပြယ်ကုန်၏။ ပိုးတီရင်ထဲ ငြိမ်းချမ်းလိုက်ဘိခြင်း။ ကြည်နူးလိုက်ဘိခြင်း။ သောကတို့ နေရာတွင် အကြည်ဓာတ်ကလေးများ ဝင်ရောက်လာချိန်၌ ပိုးတီ မေဒေါင်းအိမ်သို့ ရောက်ကာစက အဖြစ်ကလေးကို အမှတ်ရမိသွားပြန်သည်။

"လူလေး ခေါင်းစွဲနတ်ရွေးရမယ်။ ခေါင်းစွဲနတ်ဆိုတာ လူလေးရဲ့လိပ်ပြာကို စောင့်ရှောက်မယ့်နတ်။ လူလေးကို တိုးအောင်၊ ပွားအောင်၊ အောင်မြင်အောင် စောင့်ရှောက်ပေးမယ့်နတ်။ အတိုက်အခိုက်မှန်သမျှ ဖယ်ရှားပေးမယ့်နတ်ပေါ့"

ထိုအချိန်က မေဒေါင်းသည် ပိုးတီအား ခေါင်းစွဲနတ် ရွေးစေခဲ့သည်။ ခေါင်းစွဲနတ်ရွေးရာတွင် ပိုးတီရင်ထဲ၌ရှိသည့်၊ လိပ်ပြာချင်းနီးသည်ဟု ခံစားရသည့်၊ ပိုးတီကို စောင့်ရှောက်မည်ဟု ယုံကြည်သည့် နတ်သုံးပါးကို ဦးစွာ ရွေးစေသည်။ ပိုးတီလည်း မငွေတောင်၊ ပုပ္ပားမယ်တော်ကြီးနှင့် အမေရေရင်တို့ သုံးပါးကို ရွေးချယ်ခဲ့၏။ ထိုအခါ မေဒေါင်းသည် နတ်သုံးပါး၏ အမည်ကို စာရွက်ပေါ်တွင်ရေး၍ မဲလိပ်ကလေးများ လိပ်သည်။ ပိုးတီက ထိုမဲလိပ်လေးများကို သုံးကြိမ်တိုင်တိုင် နှိုက်ရမည်။ နှစ်ကြိမ်ကျသည့်နတ်ကို ပိုးတီ၏ ခေါင်းစွဲနတ်အဖြစ် မှတ်ယူရမည်ဟု ဆိုသည်။ အကယ်၍ နတ်တစ်ပါးကို တစ်ကြိမ်စီကျခဲ့လျှင် ထိုနတ်များသုံးပါးထဲ၌

mgyoe.com

ပိုးတီကို စောင့်ရှောက်သည့်နတ် မပါသဖြင့် အခြားနတ်များပြောင်း၍ မဲနှိုက်ရမည် ဟုလည်း မေဒေါင်းက ပြောသေးသည်။ ထိုနေ့က ပိုးတီ လွန်စွာပင် စိတ်လှုပ်ရှားခဲ့ပါ သည်။ ပိုးတီ မဲလိပ်နှိုက်ရာတွင် ပုပ္ပားမယ်တော်ကြီး နှစ်ကြိမ်ကျလေရာ မယ်တော်ကြီး သည် ပိုးတီ၏ခေါင်းစွဲနတ် ဖြစ်ခဲ့ရတော့သည်။

ထို့အပြင် နတ်လိပ်ပြာရှင်လုပ်မည်ဟူသော ပိုးတီ၏ ရည်ရွယ်ချက်မှာ လည်း ခိုင်ကျည်လှသည့်အတွက် ခေါင်းစွဲနတ်ရွေးပြီး မကြာမီမှာပင် ပိုးတီ ကတိ ရေစင် (အေးရေစင်) သောက်ခဲ့သည်။ သုံးပွဲရေစင်၊ ငါးပွဲရေစင် သောက်ခြင်းအမှု တို့လည်း အထမြောက်ခဲ့ပြီးလေပြီ။ ခုနစ်ပွဲရေစင်သောက်ခြင်းနှင့် စခန်းဝင်ခြင်းတို့ ကျန်သေးသည်။ စံခန်းဝင်ပြီးမှသာ ပိုးတီ တန်းပြည့်တန်းဝင် နတ်လိပ်ပြာရှင်တစ် ယောက် ဖြစ်ပေလိမ့်မည်။ စံခန်းဝင်ခြင်းမှာ နတ်ကတော်တစ်ယောက်ဖြစ်ရန် အမြင့်ဆုံးလုပ်ဆောင်ချက် ဖြစ်သည့်အတွက် ပိုးတီ စိတ်ထက်သန်လှပါသည်။ ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်ဟု သဘောထား၍ အဖေ့အရိပ်၊ အမေ့အရိပ်ကပင် ခွာခဲ့လေပြီ မဟုတ်လား။

ပိုးတီ မေဒေါင်းအရိပ်သို့ ရောက်ခါစတွင် အဖေ အမေနှင့် ခွဲရပြီဟူသည့် စိတ်ကြောင့် မပျော်ပိုက်ခဲ့သောလည်း ယခုမူ မေဒေါင်းအိမ်တွင် ပျော်နေခဲ့ချေပြီ။ အိမ်၌ နွားချေးနံ့တထောင်းထောင်း၊ ဝါပိုးကောင် တရွရွဖြင့် နေခဲ့ရသမျှ မေဒေါင်း အိမ်တွင်မူ နံ့သာစုံလွှမ်းနေသည် မဟုတ်လား။ ဖဲမွှေ့ရာ ရွှေကော်ဇော ရောနှောလို့ ထိုင်ဆိုသည့် ဘဝမျိုး မဟုတ်လား။ သည်လိုဘဝမျိုးက ပိုးတီ နေချင်သည့်ဘဝ၊ ပိုးတီမက်ခဲ့သည့် အိပ်မက်။ မေဒေါင်းနှင့်အတူ နေရသည်မှာ အနေအစားသာ စည်းစိမ်စံရသည် မဟုတ်။ ပညာများစွာလည်း ရပါသည်။

အနောက်မယ်တော်ကြီး အမေရေရှင်၊ နံကရိုင်း၊ ပုပ္ပားမယ်တော်၊ ဖွား ချမ်းသာ၊ မန့်မိ၊ မငွေတောင်၊ သုံးပန်လှ၊ ရွှေနပေ စသည့် အမျိုးသမီးနတ်များ အကြောင်း။ မြင်းဖြူရှင်၊ ကိုးမြို့ရှင်၊ ဦးရှင်ကြီး၊ မင်းစည်သူ၊ ညောင်ချင်းအို၊ လေးကျွန်းမောင်၊ ပခန်းမင်းကျော်စွာ၊ ငါးစီးရှင်၊ ဖျဉ်းကြီး ဖျဉ်းငယ်စသည့် အမျိုး သား နတ်များအကြောင်းကိုလည်း အစုံအစေ့ သိရသည်။ ပေါင်းသင်းဆက်ဆံရေးပါ မကျန် မေဒေါင်းက သင်ပေး၏။ နတ်ကတော်အိမ် ဖြစ်သည့်အားလျော်စွာ ဧည့်စုံ သည်။ လူကျသည်။ မေဒေါင်းခမျာ တစ်နေ့တစ်နေ့ ဧည့်ခံရ ဟောရပြောရသည်မှာ လက်မလည်။ မေဒေါင်း ဟောတိုင်း ပြောတိုင်းလည်း မေဒေါင်းထံပါးတွင် ပိုးတီ နေရသည်။ ရံဖန်ရံခါများ ပိုးတီက ရှောင်ရှောင်ရှားရှားလုပ်မိလျှင် မေဒေါင်းက

mgyoe.com  SAMPLE BOOK 

ဆုံးမ၍ မပြီးနိုင်တော့ပေ။

"နတ်လောကထဲ ဝင်ဖို့စိတ်ကူးရင်တော့ လူကြောက်လို့မရဘူး ပိုးတီရဲ့။ နတ်ကတော်များဟာ တယ်ပြီး အကင်းပါးကြရတယ်။ လူသူကို မမြင်ရခင် အသံကြား လိုက်ရုံနဲ့ သည်လူ့အသံဟာ အေး၏ ပူ၏၊ ဖြောင့်နိုင်၏ ကောက်နိုင်၏၊ အထက်တန်း ကျ၏ မကျ၏၊ စရိုက်ဆန်၏ မဆန်၏ ဆိုတာတွေထိ အကဲခတ်နိုင်ရတယ်တော့်။ ဟော ရုပ်ကို မြင်ရပြီဆိုတော့လည်း အသံဇာတိနဲ့ ရုပ်ဇာတိ ပေါင်းစပ်ကြည့်နိုင်ရတယ်။ ကုန်ကုန်ပြောရရင်ကွယ် မေဒေါင်းတို့ နတ်ကတော်များအဖို့ နတ်လိပ်ပြာကပ်တဲ့ အခါ ရှိသလို၊ မကပ်တဲ့အခါလည်း ရှိတာပဲကွဲ့။ ကပ်တဲ့အချိန်များတော့ နှုတ်စီးပြီး အလိုအလျောက် ဟောနိုင်၊ ပြောနိုင်ပေမယ့် မကပ်တဲ့အချိန်နဲ့ ကြုံတော့လည်း ဒိုးဒိုးဒေါက်ဒေါက်နဲ့ ကရားရေလွှတ် ဟောနိုင် ပြောနိုင်အောင် လူကဲခတ်ပညာကို တတ်ထားရတယ်လို့ မေဒေါင်းက ပြောတာ"

သည်တော့လည်း ပိုးတီမှာ မေဒေါင်းအပါးက မခွာရဲတော့ပါ။ အမေဒေါင်း ၏ အပြောအဆိုကိုသာမက မေဒေါင်း၏ နေပုံထိုင်ပုံတို့ကိုပါ လေ့လာသင်ယူရတော့ သည်။ မေဒေါင်းနှင့် အတူနေမှ ပိုးတီ မေဒေါင်းကို ပို၍အကဲခတ်ခွင့် ရခဲ့သည်။ မေဒေါင်းသည် စိတ်ကောင်းနှလုံးကောင်းရှိရုံသာမက အနေအထိုင် လွန်စွာသိမ်မွေ့ လှချေ၏။ နူးညံ့သိမ်မွေ့လှသည့် ဟန်ပန်တို့သည် တကယ့်သုံးတောင်ဝတ် အမျိုး သမီးကြီးအလား။ ထူထဲသောမျက်ခုံး၊ လွှမ်းရိပ်သမ်း၍ ရီဝေနေတတ်သော မျက်လုံး တို့သည် မေဒေါင်း၏ သင်္ကေတဟု ဆိုရမည်ထင်ပါသည်။ ထူးခြားသည်မှာ သာမန် အချိန်တွင် ရီဝေဆွေးမြေ့နေသည်ဟု ထင်ရသော မျက်လုံးအစုံတို့သည် နတ်လိပ် ပြာစီးချိန်တွင်ကား မီးစုန်းပမာ တောက်ကြွား ဝင်းလက်လာခြင်းပင် ဖြစ်၏။ ထို့ အပြင် ပိရိတင်းစေ့နေတတ်သော နှုတ်ခမ်းလွှာသည် ပြုံးလိုက်တိုင်း နှစ်လိုဖွယ် ကောင်းလှသည်။

အိမ်တွင်နေလျှင် သစ်သားဘီးဆံပတ်ထုံးကြီး ထုံး၍ သနပ်ခါးရေကျဲသာ လိမ်းတတ်၏။ ဝင်းစိုသည့် အသားအရေ၊ အချိုးအစားကျလှသည့် မိန်းမဆန်ဆန် အဆစ်အပေါက်တို့ကြောင့် လုံးကြီးပေါက်လှ အမျိုးသမီးကြီးအဖြစ်သာ ထင်မှတ်ရ သည်။ မေဒေါင်း၏ ပညာဂုဏ်၊ ဩဇာဂုဏ်၊ ပသာဒဂုဏ်နှင့် ပေါင်းသင်းဆက်ဆံရေး ဝင်ဆံ့မှု၊ ပါးရည်နပ်ရည် ရှိမှုတို့ကြောင့် ကိုးကွယ်သူမရှား။ ပူဇော်သူမရှား။ မျက်နှာ ချိုမှု၊ အာဝဇ္ဇန်းရွှင်မှုတို့ကြောင့်လည်း လူချစ်လူခင်ပေါ၏။ ပိုးတီလည်း မေဒေါင်းကို ချစ်ပါသည်။ ထို့ကြောင့်လည်း မေဒေါင်း၏ အရိပ်မှာခို၍၊ မေဒေါင်း သွန်သင်သမျှကို

mgyoe.com

မြေဝယ်မကျ နားထောင်ခဲ့သည်ချည်း။ မေဒေါင်းအရိပ်သည် အေးပါ၏။ မေဒေါင်း မေတ္တာသည် နွေးပါ၏။

“တဘက်ရွှေဇာ၊ ဝါဝါဝင်းရှန်၊ ယပ်ပန္တန်နှင့်၊ တင့်ဟန်ကျစ်လျစ်၊ ရင်မှာ ရစ်၍၊ မြနှစ်ခါးမှာ၊ ဒွါရရာနှင့်၊ ဘယ်ယာစောင်းငဲ့၊ ကန္တဲ့ကလျ၊ တစ်နေ့တည်းကို သုံးဖန်ယဉ်၍၊ သုံးဖန်နုသည်၊ ပြိုင်တုမရ”

ပိုးတီသည် သုံးပန်လှနတ်ရုပ်ရှေ့ အရောက်တွင် ပိုးတီနားထဲ စွဲနေသည့် မေဒေါင်း ဆိုပြဖူးသည့် သုံးပန်လှနတ်သံကို ခပ်ညည်းညည်းလေး ဆိုပစ်လိုက်သည်။ သုံးပန်လှနတ်သည် အိမ်တွင်းခုနစ်ဖော်တွင် တစ်ပါးအပါအဝင်ဖြစ်သည်။ တစ်နေ့ တည်းကို သုံးကြိမ်လှသတဲ့။ ထို့ကြောင့် သုံးပန်လှနတ်ဟု ခေါ်သတဲ့။ ပိုးတီ အားကျ မိပါသည်။ ပိုးတီလည်း သုံးပန်လှကဲ့သို့ တစ်နေ့သုံးခါ လှချင်ပါ၏။ ဖြစ်နိုင်လျှင် အချိန်နှင့်အမျှ လှနေချင်ပါသည်။ သို့သော် သုံးပန်လှကဲ့သို့ ဘဝမျိုးကား မဖြစ်ချင် ပါ။ အစ်ကိုတော် ပန်းပဲမောင်တင့်တယ် တောပုန်းနေရစဉ်တွင် သုံးပန်လှသည်လည်း ထွက်ပြေး တိမ်းရှောင်နေခဲ့ရသည်။ ထို့နောက် ရခိုင်ပြည်သို့ ရောက်သွားရာ ရခိုင် ဘုရင်က သမီးအဖြစ် မွေးစားခဲ့၏။ အရွယ်ရောက်သော် သမိန်ထောနှင့် ထိမ်းမြားပြီး သမီးတော် မနှဲမိကို ဖွားမြင်ခဲ့သည်။ ကာလကြာလာသည့်နှင့်အမျှ သုံးပန်လှသည် ဆွေမျိုးများကို လွမ်းဆွတ်သဖြင့် တကောင်းမြို့ရှိ ဆွေမျိုးဉာတိများဆီသို့ပြန်ရာ လမ်းခုလတ်တွင် သေဆုံးခဲ့သည်။ မနှဲမိလေးသည်လည်း သူ့မိခင်ကို လွမ်းသည့်စိတ် နှင့်ပင် သေဆုံးခဲ့ရသည်။

သုံးပန်လှ နတ်သမိုင်းကို မေဒေါင်း ပြောပြစဉ်က ပိုးတီ ကိုယ့်ဘဝကိုယ် သုံးပန်လှနှင့် နှိုင်းယှဉ်ကြည့်မိသည်။ ပိုးတီဘဝသည်လည်း သုံးပန်လှကဲ့သို့ အိမ်ပြေး တစ်ယောက်လေလား။ သေချာသည်က ပိုးတီသည် အိမ်ကိုစွန့်ခွာခဲ့သူ ဖြစ်၏။ မေဒေါင်းနောက်သို့ လိုက်ခဲ့ချိန်မှစ၍ အိမ်မပြန်ခဲ့ရတော့ပေ။ မေဒေါင်း သွားလေရာ အရပ်သို့ အရိပ်ပမာ ဖဝါးထပ်ချပ်မခွာ လိုက်ခဲ့ရသည်။ ထို့ကြောင့်လည်း ရွာခြေ ကပ်ရသည်က နည်းခဲ့သည်။ ရွာခြေကပ်ရလျှင်လည်း ပိုးတီသည် အိမ်ထဲက အိမ်ပြင် ပင် မထွက်ဖြစ်။ ထို့ကြောင့် တစ်ရွာတည်းနေပါလျက် အဖေတို့၊ အမေတို့နှင့် ကမ္ဘာ ခြားနေရခြင်းလည်း ဖြစ်သည်။ အမေ လာတွေ့မှသာ တွေ့ရသည်။ အဖေ့ကိုကား ကိုးလလုံးလုံး ပိုးတီ မမြင်ခဲ့ရပါ။

အဖေသည် သူ့စကားအတိုင်း ဆိုခဲ့စေ မြဲစေခဲ့သူဖြစ်သည်။ ပိုးတီကို လုံးဝ ပြန်မခေါ်ပါ။ ပိုးတီရင်ထဲ၌ အဖေ့ကို နာကြည်းမိသည့်တိုင်အောင် တစ်ခါတစ်ရံ

mgyoe.com


တွေ့ချင်မြင်ချင်လှသည်။ ကလေးဘဝကလို အဖေ့ရင်ခွင်ပေါ် ခေါင်းတင်ပြီး မှေးစက်ချင်မိသည်။ သို့သော် မလွယ်ကူတော့ပါ။ အဖေလည်း ပိုးတီကို စိတ်နာကောင်းနာနေဦးမည်ဖြစ်သကဲ့သို့ ပိုးတီလည်း အဖေ့ရင်ခွင်ပေါ် မှေးစက်ရမည့် ကလေးအရွယ် မဟုတ်တော့ပါ။

ပိုးတီ နတ်ရုပ်စုံရှေ့တွင် ခြေစုံရပ်နေမိသည်။ အတွေးတို့သည်ကားတောင်စဉ်ရေမရ။ အဖေ့ကို လွမ်းသည်၊ အမေ့ကိုလည်း လွမ်းပါသည်။ သို့သော် ဝါသနာကိုလည်း ပိုးတီ မစွန့်လွှတ်နိုင်။ သည်တော့ ဝါသနာ၏ စေစားရာနောက်ကို စီးမျောလိုက်ပါရင်း ပိုးတီနှင့် အဖေ၊ အမေတို့သည် မည်မျှကြာအောင် မေတ္တာပဝါပါး အလှမ်းခြားနေရမည် မသိတော့ပါ။ ကန့်လန့်ဖြတ်စင်ပေါ်မှ နှင်းဆီပွင့်လေးတစ်ပွင့်ကို ပိုးတီ ကောက်ယူ နမ်းရှိုက်လိုက်၏။

"ပိုးတီ... လူလေး ပျင်းနေပြီလား။ ဧကန္တ အိမ်ကိုများ လွမ်းနေပြန်ရော့သလား"

ခန်းဝင်ဝမှ မေဒေါင်း၏ အသံကြောင့် ပိုးတီ့ကိုယ်လုံးလေး ဆတ်ခနဲတုန်သွားသည်။ မေဒေါင်းသည် ညင်သာသွဲ့ပျောင်းသည့် ဟန်ပန်ဖြင့် ပိုးတီရှိရာ နတ်ခန်းဆောင်ထဲသို့ ဝင်လာပြီး နတ်ရုပ်စုံများရှေ့သို့ လျှောက်လာသည်။ မေဒေါင်းသည် ပိုးတီ၏စိတ်ကို ထိုးထွင်း သိမြင်နိုင်လွန်းလှ၏။ ပိုးတီ၏ အသွင်အပြင်ကို မြင်ရုံမျှနှင့် ပိုးတီ့စိတ်ကို တထစ်ချ ဖတ်နိုင်၏။ ပိုးတီ့မျက်နှာကို ကြည့်ရုံမျှဖြင့် ပိုးတီ့ရင်တွင်းသို့ ထွင်းဖောက်မြင်နိုင်၏။ ပိုးတီ့အသံကို ကြားရုံမျှဖြင့် ပိုးတီ့ခံစားချက်တို့ကို ကောက်ချက်ချနိုင်သူဖြစ်၏။ ပိုးတီကို အရိပ်ပမာ ဂရုစိုက်ရှာသော မေဒေါင်းပါပေ။ ယခုလည်း ပိုးတီကိုကြည့်၍ အိမ်လွမ်းနေသည်မှန်း တပ်အပ်ဆိုခြင်း ဖြစ်ပေလိမ့်မည်။ သို့သော် ပိုးတီ ပြန်မဖြေမိပါ။ အခြားဘက်သို့သာ စကားလွှဲလိုက်မိသည်။ အိမ်လွမ်းဝေဒနာတို့ ပိုတိုးလာမည်စိုး၍ ဖြစ်ပါသည်။

"မေဒေါင်း. . . ညော့်သည်တွေ ပြန်ကုန်ကြပြီလားဟင်၊ မေဒေါင်းလည်း ပင်ပန်းနေရောပေါ့။ ပိုးတီ မေဒေါင်းကို နှိပ်ပေးမယ်လေ"

မေဒေါင်းသည် ပိုးတီကို ထိုင်ခိုင်း၏။ ပိုးတီလည်း ထိုင်လိုက်သည်။ ပိုးတီကို ရွှန်းရွှန်းစားစား မေဒေါင်း၏ မျက်လုံးထဲတွင် နှစ်လိုခြင်း၊ ချစ်ခင်ခြင်း၊ မေတ္တာတရား ကြီးခြင်းတို့သည် အထင်းသား။ မေဒေါင်းသည် သူ့ထုံးစံအတိုင်း ပိုးတီ့ခေါင်းကလေးကို လက်ဖြင့်သပ်၏။

"ပင်ပန်းတယ်ဖြင့် မဟုတ်ပေါင် လူလေးရယ်။ မေဒေါင်း ရှန်းနိုင် ကန်နိုင်

mgyoe.com

ပါသေးတယ်၊ မရုန်းနိုင် မကန်နိုင်လို့ရော ဖြစ်မတဲ့လား။ ဒီအလုပ်က မေဒေါင်းတို့ရဲ့ ပရိယေသန ဝမ်းစာရှာရတဲ့ အလုပ်ပေကိုး။ တခြားသူတွေက လက်လှုပ်မှ ပါးစပ်လှုပ် ကြရတယ်ကွဲ့။ မေဒေါင်းတို့လို နတ်ကတော်များကျတော့ ဟောနိုင်ပြောနိုင်မှ ပါးစပ်လှုပ်ကြရတာ လူလေးရဲ့။ ပန်းလှုချေရဲ့ နွမ်းလှုချေရဲ့လို့ ကညာစစ်နေလို့မှ မရဘဲ"

မေဒေါင်းသည် နတ်ရုပ်စုံ ကန္နားရှေ့တွင် ကျုံ့ကျုံ့လေး ထိုင်နေသည်။ ပိုးတီလည်း မေဒေါင်း နောက်ဘက်သို့ တိုးရွှေ့ကာ မေဒေါင်း၏ ပခုံးသားတို့ကို ခပ်ဖွဖွ ဆုပ်နယ်ပေးနေမိသည်။ ပရိယေသန ဝမ်းစာရေးတဲ့။ ဟောနိုင်ပြောနိုင်မှ ပါးစပ်လှုပ်ကြရသတဲ့။ ဟုတ်ပါရဲ့ မေဒေါင်းပြောမှ မမသိန်းပြောဖူးတာကို ပိုးတီ အမှတ်ရမိသွားသည်။

"ပိုးတီက တကယ်ပဲ ကန္နားစီး ဖြစ်ချင်တာလား။ မမသိန်းကဖြင့် ကောင်း တယ်ဟဲ့၊ မွန်တယ်ဟဲ့၊ လုပ်ပါဟဲ့လို့ဖြင့် မတိုက်တွန်းချင်ပေါင်ကွယ်။ မမသိန်းတို့ နတ်ကတော်များဘဝက ငရဲအိုးနှုတ်ခမ်းပေါ် လမ်းလျှောက်နေကြရတာမို့လေ။ ဆရာတော်ကြီးတွေ ဟောတဲ့တရား မမသိန်း နာဖူးတာဖြင့် နတ်ကတော်တွေဆိုတာ အယူမှား၊ ကိုးကွယ်မှားတဲ့ သူတွေတဲ့ကွယ့်။ ပဉ္စာနန္တရိယကံ ထိုက်သူကမှ ကမ္ဘာ ပျက်ရင် ငရဲက လွတ်နိုင်သေးသတဲ့။ အယူမှား၊ ကိုးကွယ်မှားတဲ့ သူများကျတော့ ကမ္ဘာပျက်တာတောင် အပါယ်က မလွတ်ဘူးတဲ့ ပိုးတီရဲ့။ မမသိန်းလည်း မသိလို့ဖြင့် မဟုတ်ပေါင်ကွယ်။ ဒါပေမဲ့ ဝါသနာအရရော၊ ဝမ်းစာရေးအတွက်ရော လည်သလိုပဲ ဖြေရှင်းရတော့တာပါပဲ။ ငါ့ဝမ်းပူဆာ မနေသာတော့လည်း ကျွမ်းကျင်ရာ လိမ္မာရာ လုပ်ရတာပေါ့။ ခုများဖြင့် ဒိုးသံပေးရင်ကို နတ်သွေးကြွနေတော့တာရယ်။ စိတ်က မရိုးမရွနဲ့"

"မမသိန်းရယ်" ဟုသာ ပိုးတီ့နှုတ်က ရေရွတ်ခဲ့မိသည်။ ဒိုးသံကြားရင် မရိုးမရွ ဖြစ်သတဲ့လား။ ပိုးတီနှင့် တူလိုက်ပါဘိ။ မတူသည်က ပိုးတီ့ဘဝကသည်ကား နတ်ဒိုးသံကြားလျှင် ကျောရေ စပ်ခဲ့ရပါသည်။ မေဒေါင်း၏ အပြောအဆို၊ အက အခုန်များကို ကြားရန်မြင်ရန်အရေး ပိုးတီ ကျောစင်း၍ ခံခဲ့ရပါသည်။ ယခုမူကား ထိုဒဏ်များမှ ပိုးတီ ကင်းလွတ်ခဲ့ပါပြီ။

"လူလေးလည်း အပင်ပန်းခံနိုင်ဖို့ အရေးကြီးတယ်ကွယ့်။ ကမ်းက ခွာလာ ပြီဆိုမှတော့ ပန်းတိုင်မရောက်မချင်း လှော်ခတ်ကြရုံပဲ ရှိတော့တာပေါ့။ နတ်ကတော် တွေဆိုတာ အောင်မြင်ရင် လာဘ်လာဘရွှင်ပြီး မအောင်မြင်ရင် လူအထင်သေးခံ

mgyoe.com

SAMPLE BOOK


ရတာကလား။ သည်တော့ လူလေးအနေနဲ့ ငုပ်မိသဲတိုင်လို့ သဘောထားပြီး မဆုတ်မနစ် ကြိုးစားသင်ယူပေတော့"

"ပိုးတီ ကြိုးစားပါ့မယ် မေဒေါင်း" ဟုသာ အထပ်ထပ်အခါခါ ကတိပေးမိလေသည်။ ဟုတ်သည် ပိုးတီ ကြိုးစားရမည်။ မေဒေါင်း ပြောသကဲ့သို့ အောင်မြင်မှုဖြင့်သာ ပိုးတီဘဝကို အရောင်တင်ရမည်။ အထင်သေးမှုများကြားမှ ထိုးဖောက်ထွက်လာရသည့် ပိုးတီဘဝသည် အောင်မြင်မှုသာ တူတူတန်တန် ဖြစ်လိမ့်မည်။ ယခုဆိုလျှင် မေဒေါင်းအိမ်သို့ လိုက်ခဲ့ချိန်မှစပြီး ပိုးတီကို "နတ်ကတော်ပေါက်စလေး" ဟူ၍ ခပ်လှောင်လှောင် သရော်၍ ခေါ်ဆိုတတ်ကြသည်။

တစ်ချိန်က အတန်းအတူတက်ခဲ့သည့် ကျောင်းနေဖက်များလည်း ပိုးတီကို တွေ့လိုက်သည်နှင့် "နတ်ကတော်သမီး အခြောက်မ" ဟူ၍ ကင်ပွန်းတပ်ကြမြဲ။ ထို့ကြောင့် ပိုးတီ သူတို့နှင့် မဆုံမိအောင် ရှောင်မိသည်။ ထိုအသံများကို ပိုးတီ မုန်းသည်။ ထိုသရော်မှုများကို ပိုးတီ စက်ဆုပ်သည်။ သေချာသည်ကလည်း ကိုယ့်အိပ်မက်ကို လက်မလွှတ်နိုင်ခြင်းပင်။ ယင်းကြောင့် ထိုအကြည့်တွေ၊ ထိုအသံများမှ လွတ်မြောက်ရာ အရပ်သို့သာ မေဒေါင်းလက်ကို ဆွဲလျက် ပြေးထွက်ချင်မိသည်။ သို့သော် ပိုးတီဘဝကို ပိုးတီ မပိုင်ပါ။ ပိုးတီဘဝကို မေဒေါင်းသာ ပိုင်သည်။ အဖေကလည်း ပိုးတီကို စိတ်နာနာနှင့် မေဒေါင်းလက်ထဲသို့ ဝကွက်အပ်လိုက်သည် မဟုတ်လား။

"မေဒေါင်း... မရွှေနှဲက သူ့အမေ သုံးပန်လှကို လွမ်းလို့ သေသွားတာပေါ့နော် သနားစရာကောင်းလိုက်တာ"

မေဒေါင်းသည် ပိုးတီလက်ကို ဆွဲယူ၍ သူ့ရှေ့တွင် ထိုင်စေ၏။ ပိုးတီလည်း မေဒေါင်းကို နှိပ်ပေးနေရာမှ မေဒေါင်းရှေ့သို့ သွားထိုင်လိုက်သည်။ မေဒေါင်းသည် ပိုးတီကို ပြုံးပြုံးကြီး စိုက်ကြည့်နေလေ၏။ ထိုအကြည့်သည် "ပိုးတီကောင်းရယ်။ အိမ်လွမ်းတာကိုများ သုံးပန်လှတွေရော၊ မရွှေနှဲတွေရော စကားဦးသန်း၊ စကားပန်း ပေါက်နေရတယ်လို့" ဟူ၍ အဓိပ္ပါယ်ဆောင်၏။ ပိုးတို့ရင်တွင်းသို့ ထိုးထွင်းမြင်နိုင်စွမ်းသည့် အကြည့်မျိုး၊ အပြုံးမျိုး ဖြစ်၏။

"လူလေးကရော အမေသုံးပန်လှကို မရွှေနှဲ လွမ်းသလိုပဲ လူလေးအမေ ရှင်ဒွေးလှကို လွမ်းနေပလား။ သူတို့ခမျာလည်း လူလေးကို လွမ်းရှာပါရဲ့ကွယ်။ ခမျာများ သားဦးသားဖွားရယ်လို့ အိုးကွဲအိမ်ကွာ နေဖူးတာမှတ်လို့၊ တစ်နေ့ကတောင် ရှင်ဒွေးလှ ရောက်လာသေးရဲ့။ လူလေးကိုမြင်ရင် ချုံးပွဲချမိမှာစိုးလို့ မတွေ့ဘဲ ပြန်

mgyoe.com

SAMPLE BOOK

သွားတာတဲ့တော်"

ပိုးတီ့ရင်ထဲသို့ အပ်အစင်းစင်းနှင့် ထိုးဆွလိုက်သလိုပင်။ ပိုးတီ အဖေနှင့် အမေ့ကို လွမ်းတိုင်း ပိုးတီ့ရွေးချယ်မှု မှားလေပြီလားဟု သံသယဝင်မိစမြဲ။ သို့သော် ပိုးတီ၏ ဆန္ဒကိုကား တစ်ပြားသားမှ မလျှော့နိုင်။ "သွေးပုပ် ပြည်ပုပ်တွေနဲ့ မန်းထ နေတဲ့အနာကို သက်သာပျောက်ကင်းဖို့ စူးတဲ့ချွန်တဲ့အရာနဲ့ အနာခံပြီး ဖောက်ထုတ် ရတာပဲ လူကလေးရဲ့။ နာမှာကြောက်လို့ မဖောက်ဘဲထားရင် သည်အနာလည်း ဘယ်ပျောက်လိမ့်မတုံး။ မြဲနာကြီး ဖြစ်နေတော့မပေါ့။ အဲသလိုပဲ တချို့ရည်မှန်း ချက်တွေ ပြည့်စုံအထမြောက်ဖို့ နှလုံးသားတွေ၊ သံယောဇဉ်တွေ၊ ချစ်ချင်းမေတ္တာတွေ ကို ချခင်းပြီးမှ လျှောက်ရတာလည်း ရှိတာပေါ့ကွယ်" မေဒေါင်း ဆုံးမဖူးသည့်အတိုင်း သာ ပိုးတီ နှလုံးသွင်းပါသည်။

သို့သော် ထိုညက ပိုးတီ အိပ်မပျော်ခဲ့ပြန်ပါ။ ပိုးတီကိုလွမ်းနေမည့် အမေ့ မျက်နှာကို မြင်ယောင်မိရင်း မငိုပါဘဲ မျက်ရည်ပုလဲတို့ ခခဲ့ရသည်။ ပိုးတီ ဘယ်သူ့ ကို တိုင်တည်ရပါ့မလဲ။ ပိုးတီ့ရင်ထဲက အပူများသည်လည်း ဘယ်သူငြိမ်းလို့ ငြိမ်းနိုင် ပါ့မလဲ။ မေဒေါင်း လေလား။ မေဒေါင်းလည်း ပိုးတီ့သောကကို ငြိမ်းနိုင်မည် မထင် ပါ။ မေဒေါင်း ဘဝကတော့ အေးချမ်းလွန်းလှပါသည်။ ကျရာဘဝ၊ ကြုံရာဘဝမှာ ဒေါင်ကျကျ ပြားကျကျ နေတတ်လှသည်။ နှလုံးသားဖြူစင်သူဖြစ်သလို အရာရာ ပေါ်တွင်လည်း အကောင်းမြင်တတ်လှသည်။ ဘုရားခန်းဆီမှ အမေဒေါင်း၏ ကြေးစည်သံ၊ အမျှဝေသံလေး လွင့်ပျံ့လာပြီ။ ပိုးတီ သောကများကြားမှပင် သာဓု ခေါ်ဆိုလိုက်မိသည်။

"လူလေးရဲ့... မေဒေါင်းတို့ ကိုးကွယ်ရာ အစစ်အမှန်က ရတနာသုံးပါးပဲကွဲ့။ မေဒေါင်းတို့ ဘယ်လိုဘဝရောက်ရောက်၊ ဘယ်လိုတွေပဲ လုပ်ကိုင်စားစား ရတနာ သုံးပါးကသာ ဦးထိပ်ပန်ဆင်ရာပဲ။ နတ်ကတော်များဆိုတာက နတ်လိပ်ပြာ မကပ် ချိန်၊ လူစိတ်ပဲရှိနေချိန်များမှာ လူ့အကြိုက် လိုက်ပြီး ဟောကြ၊ ပြောကြရတာပဲ။ အပွင့်လင်းဆုံး ဝန်ခံရရင် မုသားသုံးရသည်လည်း ရှိသပေါ့ကွယ်။ တစ်ဖက်လူ ကျေနပ်ပါစေတော့၊ တစ်ဖက်သား စိတ်ချမ်းသာပါစေတော့ရယ်လို့ မုသားနဲ့ ကုစား ပေးကြရတာပေါ့။ သို့ပေသိကွယ် မေဒေါင်းတို့ မုသားက တစ်ဖက်လူအတွက် ဆေးဖြစ်ပေမယ့် မေဒေါင်းတို့အတွက်တော့ ဘေးဖြစ်ရတာပါပဲ။ သည်တော့ မေဒေါင်းတို့က ကိုယ့်ကိုယ်ကိုယ် ဘုရားဆေး၊ တရားဆေးနဲ့ ပြန်ကုကြရမှာပေါ့။ အပြစ်တွေ ကြေသွားတာ မဟုတ်သည့်တိုင် ကုသိုလ်လေးနဲ့ ဆည်ကြဖို့ကြရတယ်

mgyoe.com


ကွယ့် ကြားရဲ့လား"

မေဒေါင်း၏ခံယူချက်ဖြစ်သည်။ မေဒေါင်းသည် ဘာသာတရား ကိုင်းရှိုင်းသည်။ ရတနာသုံးပါးကို သက်ဝင်သည်။ ဥပုသ်သီလ ဆောက်တည်သည်။ အရှင်စွဲ၊ သခင်စွဲတို့ဖြင့် အဝိဇ္ဇာ ပိတ်ဖုံးနေသူကားမဟုတ်။ ဘုရားရှင်ကို ရည်စူး၍ မနက်ရေချမ်း၊ ညရေချမ်းနှင့် ဆီမီးပန်း ညှိုးနွမ်းမခံ။ ဤသည်မှာလည်း ပိုးတီ လေးစားအတုယူရသည်များပင် ဖြစ်၏။ ပိုးတီ အတွေးတို့ဖြင့် ချာချာလည်နေစဉ်မှာပင် အခန်းရှေ့မှ ခြေသံဖွဖွ ကြားရ၏။

"ပိုးတီကောင်... မအိပ်သေးဘူးလား လူလေးရဲ့ အိပ်တော့လေကွယ်။ နေမကောင်းထိုင်မသာ ဖြစ်နေဦးမယ်"

စကားသံအဆုံးတွင် ခြေသံသည် ပိုးတီ့အခန်းရှေ့မှ ထွက်ခွာသွား၏။ ပိုးတီ ဓာတ်ခဲထိုး ကော်မီးအိမ်ခလုတ်လေးကို ပိတ်ပစ်လိုက်သည်။ တစ်ခန်းလုံး မှောင်အတိ။ အိပ်ပျော်စေရန် မေဒေါင်း သင်ပေးထားသည့် ဝင်လေထွက်လေ ရှုမှတ်နည်းကို ရှုမှတ်လိုက်သည်။ ဘုရားခန်းဆီက ပန်းရနံ့တို့သည်လည်းကောင်း၊ နတ်နေခန်းဆောင်ဆီမှ အမွှေးနံ့သာတို့သည်လည်းကောင်း တစ်အိမ်လုံး ထုံသင်းကြိုင်လှိုင်နေပြန်တော့၏။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၆)

ပိုးတီရင်ထဲ တုန်နေသည်။ သည်အလုပ်သည် ပိုးတီအတွက် ဤမျှလောက် ရင်ခုန် စိတ်လှုပ်ရှားစရာကောင်းလိမ့်မည်ဟု မထင်ခဲ့မိ။ မေဒေါင်းက အတင်းလွှတ် လိုက်၍သာ စွန့်စားခဲ့ရသော်လည်း ပိုးတို့ဒူးတို့သည် တဆတ်ဆတ်တုန်နေသည်။ ပိုးတီ အိမ်ဝိုင်းတိုက်၏ အနောက်မြောက်ဘက်နားအရောက်တွင် ဇောင်ချမ်းပင်ကို အကာအကွယ် ယူလိုက်သည်။ ထို့နောက် အိမ်ဘက်သို့ လှမ်းမျှော်ကြည့်လိုက်၏။ အမေဒွေးလှသည် ပိုးတီ ဆော့ကစားနေကျ ဝါပုတ်ကြီးများအနီးတွင် တံမြက်စည်း လှည်းနေ၏။ အဖေ့ အရိပ်အယောင်ကိုကား မမြင်။ သေချာသည်ထက် သေချာ အောင် နွားစာစည်းအောက်နှင့် နွားစားကျင်းနားသို့ လှမ်းကြည့်လိုက်ပြန်သည်။ စည်းအောက်တွင် လှည်းမရှိ။ နွားစာကျင်းတွင်လည်း နွားများ မရှိ။ သို့ဆိုလျှင် အဖေ ယ:င်ဲ့သွားသည်မှာ သေချာပြီ။ ပိုးတီ ဇောင်ချမ်း:ː်နောက်မှထွက်ကာ အိမ်ဘက်သို့ ပြေးပ်ပ်ုိက်သည်။

"အမေမဒွေးလှ"

အမေဒွေးလှသည် ပိုးတီကိုမြင်လျှင် တံမြက်စည်းကို ပစ်ချကာ တင်းကျပ် နေအောင် ပွေ့ဖက်ထားလေသည်။ ပိုးတီလည်း ပြန်ဖက်ထားလိုက်၏။ အမေက ပိုးတီကို လွမ်းလှကြောင်း တဖွဖွ ဆိုရှာသည်။ ဆယ်လဆိုသော ခွဲခွာချိန်သည် နည်းနည်းနောနော မဟုတ်ပါ။ ပိုးတီလည်း မလွမ်းရှိပ့ါမလား။ လွမ်းလွန်းလှ၍

mgyoe.com

mgyoe.com SAMPLE BOOK

အရဲစွန့်ခဲ့ခြင်းသာ ဖြစ်သည်။ ပိုးတီ တစ်အိမ်လုံးကို လျှောက်ကြည့်နေမိသည်။ ပိုးတီ လွမ်းခဲ့ရသည့် အငွေ့အသက်တွေ။ ပိုးတီ တမ်းတခဲ့ရသည့် အရိပ်အယောင်တွေ။ ပိုးတီသည် ခုနစ်နှစ် ရှစ်နှစ်အရွယ် ကလေးငယ်တစ်ယောက်ကဲ့သို့ ဝါပုတ်တောင်းကြီးပေါ် သို့ ခုန်တက်ပြီး ဆော့ကစားနေမိသည်။ ဝါဂွမ်းတို့၏ အထိအတွေ့သည် ယခင်ကအတိုင်း။ ပုတ်တောင်းကြီးအရှေ့ဘက်ရှိ အိမ်ဦးရင်တိုင်မှာတော့ ပိုးတီ ကစားရန် အဖေချိုးပေးခဲ့ဖူးသည့် ထန်းလက်မြင်းရုပ်တွေ။ ဘယ်တုန်းကမှ ထိတွေ့ကိုင်တွယ် မကြည့်ခဲ့ဖူးသည့် ထိုမြင်းရုပ်လေးများကို ပိုးတီ မဝံ့မရဲ ကိုင်ကြည့်လိုက်သည်။ အဖေ့လက်ရာတွေ။ အဖေ့အငွေ့အသက်တွေ။ အဖေ့မြင်းရုပ်ကလေးတွေကို ပိုးတီ ကိုင်ကြည့်နေတာမြင်လျှင် အဖေ မည်သို့ခံစားရလေမလဲ။ ဝမ်းသာကျေနပ်နေမည်လား။ သို့မဟုတ်လျှင် စိတ်ဆိုးမာန်ဆိုးဖြင့် မကိုင်နဲ့ဟု တားဆီးလေမလား။

"ရီးဒွေးလှ၊ ရီးဒွေးလှ "

အိမ်ဝိုင်းတိုက်ရှေ့မှ အသံတစ်သံကြားလိုက်ရသည်။ ကျောက်ခဲ၏အသံဖြစ်သည်။ သည်အသံကို ပိုးတီဘယ်တော့မှ မမေ့ပါ။ ကျောက်ခဲကြောင့် ရခဲ့သည့် ရင်ထဲမှဒဏ်ရာများသည် ယခု အရွယ်ရောက်သည့်တိုင်အောင် သွေးစိမ်းရှင်ရှင်ထွက်နေဆဲ မဟုတ်လား။ အမေသည် မီးဖိုချောင်ထဲတွင် ပိုးတီ စားရန်အတွက် ထမင်းဟင်း ပြင်ဆင်နေရာမှ ကျောက်ခဲကို လှမ်းထူး၏။ ကျောက်ခဲသည် မေမြို့ပန်းလာပို့သည့်အကြောင်း အမေ့ကို အော်ပြောရင်း ဝိုင်းတိုက်ထဲသို့ ဝင်လာသည်။

ကျောက်ခဲတို့အိမ်သည် အိမ်ဝိုင်းတိုက်ကြီး အလွန်ကျယ်လှသည်ဖြစ်ရာ အိမ်ဘေးရှိ မြေလွတ်များကို ထွန်ယက်၍ မေမြို့၊ ဂန္ဓာမာ၊ နှင်းဆီများ စိုက်ပျိုးထားသည်။ ထိုပန်းခင်းများမှ ထွက်သည့်ပန်းများကို မြစ်ခြေစျေးထဲသို့ ငါးရက်တစ်ဈေးသွားရောင်းလေ့ရှိ၏။ ကြားရက်များတွင်မူ ရွာထဲရှိ ဟိုအိမ်သည်အိမ်မှ ဘုရားပန်းလှူရန်၊ နတ်ဆက်ရန်လောက်သာ ဝယ်လေ့ရှိကြသည်။ သည်အထဲတွင်မှ မေဒေါင်း၏ အိမ်သည် ကျောက်ခဲတို့အိမ်မှ ပန်းများကို ဝယ်ရဆုံးဖြစ်သည်။ မေဒေါင်းသည် နတ်ခန်းဆောင်ထဲတွင် နတ်ဆက်ပန်း အညှိုးခံလေ့မရှိသောကြောင့် ဖြစ်၏။ ယခု ကျောက်ခဲ ပန်းလာပို့သည်ကို ထောက်ဆ၍ အမေလည်း ပန်းမှာထားခြင်းသာ ဖြစ်ပေလိမ့်မည်။ ပိုးတီသည် ကျောက်ခဲအသံ ကြားကတည်းက ဝါပုတ်တောင်းထဲရှိ ဝါဂွမ်းများအောက်သို့ ဝင်ပုန်းလိုက်သည်။

ကျောက်ခဲသည် ပန်းပို့ပြီးသည့်တိုင်အောင် တော်ရုံနှင့်မပြန်။ သူတို့ယာ

mgyoe.com

mgyoe.com SAMPLE BOOK

ခင်းမှ နှမ်းကောင်းကြောင်း၊ ဝါကောင်းကြောင်းတို့ကို မစားရဝခမန်း ပြောနေ၏။ ပိုးတီသည်ကား ဝါဂွမ်းများအောက်တွင် ပုန်းနေရသည်မှာ အသက်ရှူမွန်းလှပြီ။ သည်ကြားထဲ ဝါပိုးကောင်များက ကိုက်ပြန်သေးရာ ပိုးတီတစ်ကိုယ်လုံး ယားယံနေသည်။ ပိုးတီ မနေနိုင်တော့သဖြင့် တဗျင်းဗျင်း ကုတ်မိတော့သည်။

"ရီးဒွေးလှ... ဝါပုတ်ထဲမှာ ဘာကောင်ထည့်တာတာတုံး။ ဝါတွေက လှုပ်နေတာ။ ခွေးတွေ ကြောင်တွေများ ဝါပုတ်ထဲဝင်ပြီး သားကျနေသလား မသိဘူး။ ကျုပ် ကြည့်လိုက်မယ်နော် "

ပိုးတီ သမ္မုဒွေသာ တွင်တွင်ရွတ်မိတော့သည်။ ကျောက်ခဲနှင့်မှ ဆုံရလေခြင်းဟု တွေးကာ နောင်တလည်း ရမိသည်။ ကျောက်ခဲသာ ပိုးတီကို တွေ့သွားလျှင်ဖြင့် အိမ်သို့ ပိုးတီပြန်လာသည့်သတင်း အဖေ့နားသို့ ရောက်မည်မှာ မြေကြီးလက်ခတ် မလွဲပေ။ အရေးထဲ ဘုန်းကြီးကျောင်းမှ အော်ဂင်နာရီကြီးက တဒင်ဒင်မြည်လိုက်သေးသည်။ ဆယ့်တစ်နာရီထိုးပြီ။ မကြာခင် အဖေပြန်လာတော့မည်။ ပိုးတီ ဝါဂွမ်းများအောက်တွင် ချွေးစေးပျံနေ၏။

"ဝါပုတ်ကို ထားခဲ့စမ်း ကျောက်ခဲရေ။ ရီးဒွေးလှဆီ အမြန်ပြေးခဲ့စမ်းဟဲ့။ သည်မယ် မွေလား ကင်းလားမသိဘူး။ ရီးဒွေးလှရှေ့ ဖြတ်ပြေးသွားလို့ "

ကျောက်ခဲသည် ခြေသံတဘုန်းဘုန်းဖြင့် အမေ့ထံ ပြေးသွား၏။ သည်တော့မှ ပိုးတီ အသက်ရှူ ချောင်တော့သည်။ စိတ်ချလက်ချကား ဖြစ်သေးပေ။ ဝါပုတ်နားသို့ နောက်တစ်ကျော့ ပြန်ရောက်လာမှ ခက်ချေလိမ့်မည်။ ထို့ကြောင့် ပိုးတီသည် အသံကို နားစွင့်ရင်း ငြိမ်နေရပြန်သည်။

"ဘယ်မတုံး ရီးဒွေးလှ "

"စောစောက မြင်လိုက်တာပဲကွယ်။ မွေတော့ ဟုတ်ဟန်မတူပါဘူး။ ကင်းလိပ်လျှော ဖြစ်တန်ကောင်းရဲ့။ ကိုင်း... ကိုင်း... ဟောသည် အမဲပုဆိုးကြမ်းချက်ကလေး မင့်အိမ်ပြန်ပို့ချေစမ်း။ မင့်မအေ မိဒန်းကို ရီးဒွေးလှက ပေးလိုက်တယ်လို့ပြော။ သွားဟဲ့...သွားဟဲ့... သည်ဟင်းက ပူတုန်းပဲကောင်းတာ။ အေးသွားရင် ခဲတတ်ရဲ့။ မင်းရော စားပြီးမှ ပန်းကန်ပြန်လာပေးလှည့်။ ကြားရဲ့လား "

သည့်တော့မှ ပိုးတီ အသက်ရှူချောင်တော့သည်။ မရှေ့မနှောင်းမှာပင် အမေသည် ပိုးတီပုန်းနေသည့် ဝါပုတ်ကြီးနားသို့ ရောက်ချလာသည်။ အသံခပ်အုပ်အုပ်ပြုလျက် "ပိုးတီကောင်။ ထွက်ခဲ့တော့ဟဲ့ ကောင်လေးရဲ့။ ကျောက်ခဲပြန်သွားပြီ " ဟု ပိုးတီကို ခေါ်သည်။ ပိုးတီ ဝါပေါက်များကြားမှ ဖွားခနဲ အလူးအလဲ

mgyoe.com

mgyoe.com SAMPLE BOOK

ထလိုက်၏။ အရှိန်ကြောင့် ဝါပေါက်များသည် ပုတ်တောင်းကြီး၏ အပြင်ဘက်သို့ ဖွေးခနဲ လွင့်စဉ်ကျကုန်သည်။ အမေကတော့ ပိုးတီကိုကြည့်ကာ ပြုံးနေ၏။ ပိုးတီ့ ခေါင်းပေါ် မှာကပ်ပါလာသည့် ဝါဂွမ်းများကိုလည်း လက်ဖြင့် တယုတယ ကောက် သင်ပေး၏။ ထို့နောက် ထမင်းစားလှည့်ဟုဆိုကာ ပိုးတီကို မီးဖိုချောင်ဘက် ခေါ် သည်။ ပိုးတီ အမေ့နောက်ကို ချက်ချင်း မလိုက်အားပေ။ ဝါပိုးကောင်များ အကိုက်ခံ ထားရသဖြင့် ပိုးတီ့တစ်ကိုယ်လုံး ယားယံနေသည်။ မျက်နှာတစ်ပြင်လုံးနှင့် လက် အစ ခြေအဆုံး အပိန့်များထနေတော့သည်။ သည်ဝေဒနာကို သက်သာသည်အထိ ကုတ်ပြီးမှ အမေရှိရာ မီးဖိုချောင်ထဲသို့ လိုက်ခဲ့ရသည်။

"ပိုးတီ မစားတော့ဘူး အမေ၊ တအောင့်ကြာရင် အဖေ ပြန်လာတော့မှာ။ အဖေနဲ့တိုးမှ အမဲပုဆိုးကြမ်း စားရတာနဲ့မက ထနပ်ပြားကျောရေစုတ်စာ မိနေပါဦး မယ် "

ပိုးတီက အရွှန်းဖောက်ရင်း ပြောလိုက်သည်။ အမေ့မျက်နှာလေးကတော့ ပြုံးရိပ်သော်မှ မထင်သည့်အပြင် ညှိုးငယ်သွား၏။ သို့ရာတွင် ပိုးတီ အကဲခတ်နေ သည်ကို သိသွားဟန်ဖြင့် ပျက်နေသည့် မျက်နှာပေးကိုပြင်ကာ ချက်ချင်းပင် ဣန္ဒြေ ဆည်ရှာသည်။

"အဲလောက်နဲ့ ပြန်မလာသေးပါဘူးကွယ်။ လူလေးဖအေက ယာထဲကိုင်းထဲ မဆင်းရင်သာ မဆင်းရော့ ဆင်းပြီဆိုတော့လည်း နာရီပြန်တစ်ချက်လောက်ထိတော့ ဇွဲတင်းရှာပါတယ်။ နောက်ပြီး လူလေး လာသွားတယ်၊ ထမင်းစားသွားတယ်လို့ သိရင်လည်း ခမျာ ဝမ်းသာနေရှာမှာပါ "

အမေ့စကား အဆုံးမှာတော့ ပိုးတီ့ရင်ထဲ လှိုက်တက်လာသည်။ အိမ်မှာ အမဲပုဆိုးကြမ်း ချက်သည့်နေတိုင်း အဖေက ပိုးတီကို သတိရသည်တဲ့။ ဒါကိုတော့ ပိုးတီ ယုံပါသည်။ ပိုးတီ အမဲဟင်းကြိုက်တတ်မှန်း အဖေသိသည်။ ပိုးတီငယ်ငယ် က အမဲဟင်း စားချင်လွန်းလို့ တပူဆာဆာ ငိုတာကြောင့် အဖေက အရှေ့ဘက် ရွာစဉ်တစ်တန်းလှည့်ပြီး မရမက အမဲသား လိုက်ဝယ်ပေးဖူးသည်။ သည်အဖြစ်ကို ပြန်အောက်မေ့တော့လည်း "အဖေက ပိုးတီကိုချစ်ပါရဲ့" ဆိုသည့်အတွေးနှင့် ရင်ထဲ တသိမ့်သိမ့် နွေးရပြန်သည်။

ထမင်းစားပြီးတော့ အဖေ ပြန်မလာမီ ပိုးတီ မေဒေါင်းအိမ်သို့ ပြန်လာ ခဲ့သည်။ အိမ်အပြန်လမ်းတွင် တိုက်ဆိုင်စွာပင် ကျောက်ခဲနှင့်ဆုံပြန်သည်။ ကျောက် ခဲသည် ပိုးတီကို ကွက်ကြည့်ကွက်ကြည့်နှင့် တစောင်းစောင်း တငဲ့ငဲ့ရှိ၏။ တော်သေး

mgyoe.com

mgyoe.com SAMPLE BOOK

သည်က အိမ်နှင့် ခပ်လှမ်းလှမ်းရောက်မှ ဆုံမိခြင်းပင်။ ကျောက်ခဲကလည်း ပိုးတို့ခေါင်းပေါ်မှ ဝါဂွမ်းစတို့ကို မြင်မိအောင် မြင်လိုက်သေးသည်။ "ပိုးတီကောင်... မင့်ခေါင်းပေါ် ဝါဂွမ်းတွေ ဘယ်လိုရောက်နေတာတုံး " ဟု မေးတော့ ပိုးတို့ရင်ထဲ တထိတ်ထိတ်။ ကျောက်ခဲအမေးကို စကားပြန်ကား မပြုခဲ့ပါ။ "ဘယ်လိုရောက် ရောက် မင့်အပူပါသလား" လို့ အငေါ်တူးရင်း ပြေးထွက်လာခဲ့ခြင်းဖြစ်သည်။ ဝါပုတ်တောင်းကြီး လှုပ်တာနှင့် ပိုးတို့ခေါင်းပေါ်က ဝါဂွမ်းစကို ဆက်စပ်တွေးမိပြီး အဖေ့ဆီ ကျောက်ခဲသွားတိုင်လျှင်ဖြင့် မိုးမီးလောင်ပေလိမ့်ဦးမည်။ လောင်လည်း လောင်စေတော့ ပိုးတီ မတတ်နိုင်။ ရှို့သူကရှို့၍၊ လောင်သူက လောင်လျှင်လည်း၊ ပိုးတီက ပြာကျပေးလိုက်ရုံသာ။

မည်သို့ပင်ဖြစ်စေ ထိုနေ့က ပိုးတီပျော်ပါသည်။ ပိုးတို့ရင်ထဲက အိမ်လွမ်းဝေဒနာတို့သည်လည်း အတော်အတန် သက်သာသွားခဲ့ပါသည်။ နောင်လည်း အိမ်ကို လွမ်းတိုင်း ယခုလိုပဲ ပြန်မည်ဟု တေးမှတ်ထားမိသည်။ သို့သော်လည်း ကံတရားသည် ပိုးတီ အလိုကျ ဖန်တီးပေးသည် မဟုတ်ပါ။ ပိုးတီတို့ကသာ ကံစီမံရာ အတိုင်း အသုံးတော်ခံ ကပြကြရသည်မဟုတ်လား။ သည်လိုဆိုတော့လည်း ပိုးတီ၏ အလွမ်းမီးတို့သည် နှစ်ဆတိုး၍ လောင်မြိုက်စေရန် ဖန်လာခဲ့သည်တကား။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၇)

ပိုးတီ ကြောက်ရွံ့မိသည့်အတိုင်း ပိုးတီ အိမ်ပြန်လာသည့်အဖြစ်ကို အဖေ သိသွားခဲ့သည်။ ညနေပိုင်းတွင် အဖေသည် မေဒေါင်း အိမ်ရှေ့ထိ ရောက်လာပြီး မေဒေါင်းကိုရော ပိုးတီကိုပါ အော်ဟစ် ဆဲရေး တိုင်းထွာသည်။ ပိုးတီကိုလည်း အိမ်ထဲမှထွက်လာရန် တကြော်ကြော် အော်ခေါ်သေးသည်။ ပိုးတီကတော့ မေဒေါင်းက မထွက်ခိုင်းသဖြင့် အိမ်ထဲကနေသာ အဖေ့အသံကို နားစွင့်နေခဲ့ရသည်။ အဖေ မူးနေပုံ ပေါ်ပါသည်။ အသံတို့သည် မပီသ၊ မကြည်လင်၊ ဗလုံးဗထွေး ရှိလှ၏။ နှုတ်ထွက်စကားများကလည်း ကြမ်းတမ်း ခက်ထန်လှ၏။ အဖေသည် ယခုကဲ့သို့ တစ်ခါမှ ကြမ်းကြုတ်စွာ ဆဲရေးတိုင်းထွာခြင်း မပြုဖူးပေ။

ပိုးတီမျက်လုံးထဲတွင် ကျောက်ခဲ၏ ပုံရိပ်တို့သည် တရေးရေးတရိပ်ရိပ် ပေါ်လာ၏။ ကျောက်ခဲသည် ပိုးတီဘဝအတွက် ဆူးပြောင့်ခလုတ်သာ ဖြစ်သည်။ ပိုးတီဘဝကို မည်သည့်အခါကမှ ကောင်းကျိုးမပေးခဲ့သူ ဖြစ်သည်။ ပိုးတီ ဒုက္ခ ရောက်တိုင်း၊ ပိုးတီ အဖေနှင့် အဆင်မပြေတိုင်း ပြဿနာဖန်တီး၍ မီးမွှေးပေးသူမှာ ကျောက်ခဲသာဖြစ်၏။ ပိုးတီ ကျောက်ခဲကို မုန်းသည်။ ကျောက်ခဲသည် ပိုးတို့ဘဝကို ဘာကြောင့်များ ပျက်စီးနာကျင်စေရပါလိမ့်။

"ကိုင်းပါ...ကိုကျောက်တံရယ် တော်ပါတော့တော်။ လူကြားလို့လည်း မကောင်းပါဘူး။ တော်လုပ်နေပုံတွေက ကိုယ့်အထုပ် ကိုယ်ဖြေပြနေသလိုပဲ။ ကိုယ့်

mgyoe.com

သားသမီး ကိုယ့်အိမ်ပြန်လာတဲ့ဟာကို အဲသလောက်ထိ အကျယ်အကျယ် မငြိမ်းဖွယ် ဖြစ်စရာလိုလို့လား"

အမေဒွေးလှ ဘယ်လောက်ပင် ဖြန်ဖြေစေကာမူ အဖေ့အသံကတော့ တိုးတိမ် မသွားခဲ့ပါ။ ကျယ်လောင်သည်ထက်သာ ကျယ်လောင်၍ လာခဲ့သည်။

"ဘာအေ့...ရှင်ဒွေးလှရဲ့ ကိုယ့်အထုပ် ကိုယ်ဖြေပြတယ် ဟုတ်ကဲ့လား။ အေးဖြေပြရမယ်အေ့ ဖြေပြရမယ်။ ကိုယ့်အထုပ်ကို သူများဖြေတာတော့ မခံနိုင်ဘူး။ ကိုယ်တိုင်ပဲ ဖြေပြရမယ်။ ဟော့ကောင် ပိုးတီကောင်၊ မင်း ထွက်ခဲ့စမ်း။ ထွက်ခဲ့စမ်းပါ နတ်ကတော်ကြီးရ။ မင်းကို ငါ့အိမ်ရိပ် ခြေမချနဲ့လို့ မှာထားရဲ့သားနဲ့ ငါ့အိမ်ထဲထိ ဝင်လာတာက ငါ့ကို စိန်ခေါ်တာလား။ ထီမထင် ပြုတာလားကွ ဟေ"

ပိုးတီ ပျဉ်ထောင်ကြားမှ ချောင်းကြည့်မိရာ မေဒေါင်းအိမ်ရှေ့၌ နည်းသည့် လူအုပ်ကြီးမဟုတ် ပွဲတော်အလား စည်ကားလျက်။ အဖေကတော့ ဒယိမ်းဒယိုင်။ လက်ထဲမှာလည်း ထနပ်ပြားကျောရေစုတ်ကို ကိုင်ထားလျက်သား။ ပိုးတီ မျက်ရည်တို့ ဝေ့တက်လာပြန်သည်။ "အဖေကပိုးတီကို အဲသလောက်တောင် နာကျည်းနေတာကိုး " ဟူသည့် အတွေးသည် ပိုးတီ၏နှလုံးသားကို ဆုပ်ကိုင် ဖျစ်ညှစ်လိုက်သည့်နှယ်။ မျက်လုံးမှိတ်ချလိုက်တော့ မျက်ရည်ပူတို့သည် ပါးပြင်ပေါ် သို့ တလိမ့်ချင်း ကျလာခဲ့သည်။ ပိုးတီ ထိုင်နေရာမှ မတ်တတ်ရပ်လိုက်သည်။ ထို့နောက် အခန်းအပြင်သို့ တစ်လှမ်းချင်း ထွက်လာခဲ့ပြီး အိမ်အောက်သို့ ဆင်းလိုက်၏။ အဖေ ပိုးတီကို မြင်သွားပြီ။ အဖေ့ အသွင်သဏ္ဌာန်က ပိုးတီကို ဝါးစားတော့မည့်အလား။ ကျားစီးဖားစီး ရှိလှသည်။

"စိတ်ချပါအဖေ။ အဖေ ပိုးတီကို ရိုက်ရမှကျေနပ်မယ်ဆိုရင် ပိုးတီ အရိုက်ခံပါ့မယ်။ ပိုးတီကောင်ရဲ့စိတ်က နူညံ့ပေမယ့် ပိုးတို့ကျောပြင်က အသားမာ တက်နေပါပြီ။ ပိုးတီ ခံနိုင်ရည်ရှိပါတယ်။ ဒါပေမဲ့ ပိုးတီ အဖေ့ကို နာကျည်းတယ်။ မုန်းတယ် အဖေ "

ပိုးတို့ရင်တွင်းစကားတို့ကို အဖေ ကြားမည်မဟုတ်ပါ။ ပိုးတီ အဖေ့နားသို့ ရောက်သွားချိန်တွင် အမေဒွေးလှ ဆွဲနေသည့်ကြားမှ အဖေက ထနပ်ပြားဖြင့် လှမ်းရိုက်သည်။ မေဒေါင်းက ပိုးတီနှင့်အဖေ့ကြား ဝင်လိုက်ရာ ထနပ်ပြားရိုက်ချက်သည် ပိုးတီကိုမထိဘဲ မေဒေါင်း၏ပခုံးကိုသာ ထိသွားသည်။ ထိုအခါ လူအုပ်ကြီးထဲမှ အမျိုးသားသုံးလေးယောက် ထွက်လာပြီး အဖေ့ကို ဝိုင်းဆွဲကြသည်။ အဖေလည်း ထိုသူတို့ ဆွဲခေါ် ရာနောက်သို့ ယက်ကန်ယက်ကန်ဖြင့် ပါသွားတော့၏။ အမေဒွေးလှ

mgyoe.com SAMPLE BOOK

ကတော့ မေဒေါင်းကို အားနာကြောင်းပြော၍ တောင်းပန်သွားသည်။ အဖေ မရှိတော့သည်နှင့် မေဒေါင်း အိမ်ရှေ့မှ လူအုပ်ကြီးသည်လည်း ပျားအုံကို မီးခိုးမှိုင်းတိုက်လိုက်သကဲ့သို့ တစ်စတစ်စ ပြိုကွဲ ကျဲပါးသွားလေသည်။ မေဒေါင်းသည် အိမ်ရှေ့မန်ကျည်းပင်ရိပ်မှ ကွပ်ပျစ်စင်ပေါ် ထိုင်ချလိုက်သည်။ ပိုးတီလည်း မေဒေါင်းဘေးတွင် ဝင်ထိုင်လိုက်သည်။

"ထွက်မလာပါနဲ့လို့ မေဒေါင်း ပြောထားရဲ့သားနဲ့ ပိုးတီရယ်။ လူလေး အဖေရဲ့ ဒေါသကို လူလေး မသိတာလည်း မဟုတ်ဘဲနဲ့ "

မေဒေါင်း၏ ဒေါသသံမပါသည့် ကရုဏာစကားလုံးတို့သည် ပိုးတီကို ပို၍ရင်နင့်စေပါသည်။ ပိုးတီနှင့် ပတ်သက်လာလျှင် ပိုးတီရှေ့ကနေ အမြဲတစေ မားမားမတ်မတ် ရပ်တည်ပေးတတ်သည့် မေဒေါင်း။ ပိုးတီကို သံကွန်ချာသဖွယ် အုပ်မိုးကာကွယ်ပေးတတ်သည့် မေဒေါင်း။ ပိုးတီကို စိတ်လုံခြုံမှု ပေးနိုင်စွမ်းသူမှာ မေဒေါင်းသာဖြစ်သည်။

"အဖေ့ဒေါသကိုသိလို့ ပိုးတီထွက်လာခဲ့တာပေါ့ မေဒေါင်းရယ်။ ပိုးတီကို ရိုက်လိုက်ရရင် အဖေ စိတ်ကျေနပ်သွားမှာ။ အဖေက ပိုးတီကို မရိုက်ရလို့ ဒေါသသွေးတွေ ပွက်ပွက်ဆူနေတာ မေဒေါင်းရဲ့"

ပိုးတီ မျက်ရည်ဖြိုင်ဖြိုင်ကြားမှ မေဒေါင်းကို သံတော်ဦးတင်မိသည်။ မေဒေါင်းကတော့ သူ့နဂိုအတိုင်း ပိုးတီကို နူးညံ့ညင်သာစွာ ကြည့်နေရှာပါသည်။ ပိုးတီ၏ပါးပြင်ထက်မှ မျက်ရည်စများကိုလည်း ကြင်နာစွာ သုတ်ပေးပြန်သည်။

"မေဒေါင်း ပြောနေကျစကားကို ပြောရမှာပဲ လူလေးရယ်။ လူလေးအဖေကို စိတ်မကွက်ပါနဲ့ကွယ်၊ စိတ်အနာကြီး မနာလိုက်ပါနဲ့။ ဒါတွေဟာ လူလေးကို ချစ်လွန်းလို့၊ လူလေးကို နှမြောလွန်းလို့၊ လူလေးကို ဆုံးရှုံးလိုက်ရလို့ လောင်မြိုက်နေတဲ့ ပရိဒေဝမီးတွေပါ။ လူလေးက သူတို့အတွက် သားဦးဆိုလည်း ဟုတ်တယ်၊ သားထွေးဆိုလည်း ဟုတ်တယ်လေကွယ်။ သူတို့အနေနဲ့ အမျှော်လင့်ကြီး မျှော်လင့်ကြရှာမှာပေါ့။ မျှော်လင့်သလို ဖြစ်မလာတဲ့အဆုံး ခမျာ ယူကျုံးမရဖြစ်ပြီး ပွင့်အန်ထွက်တဲ့ သဘောပါကွယ်"

သူ့ ဖြစ်စေချင်သလို ဖြစ်မလာတာနဲ့ ကိုယ်ဖြစ်ချင်တဲ့ အရာတွေကို ပိတ်ပင် ဟန့်တားပြီး ဖြစ်ခွင့်မပေးဘဲ ပေါက်ကွဲတာဟာ မေတ္တာလို့ ကမ္ပည်းထိုးထိုက်လို့လှာ မေဒေါင်းရယ်။ အဲဒါ အတ္တတွေ မဟုတ်ဘူးလား။ ပိုးတီရွေးခဲ့တဲ့ လမ်းကရော ဘယ်တစ်စုံတစ်ယောက်ကို ထိခိုက်စေခဲ့သလဲ။ ပိုးတီဘဝကို ပိုးတီကိုယ်တိုင် ထုဆစ်

mgyoe.com

m g y o e . c o m  SAMPLE BOOK 

ပုံဖော်ခွင့်ရော မရှိတော့ဘူးလား။ တကယ်ချစ်ရင် လွတ်လပ်စွာ ပျံသန်းခွင့် ပေးရမှာပေါ့ မေဒေါင်းရဲ့။ ပိုးတီ ထိုစကားတို့ကို မေဒေါင်းအား ဖွင့်ဟ မပြောဖြစ်ခဲ့ပါ။ မေဒေါင်းအနားမှ ထွက်လာကာ အိမ်ပေါ်သို့တက်လာခဲ့သည်။ နတ်နေခန်းဆောင်ရှေ့ အရောက်ဝယ် ပိုးတီ၏ ခြေလှမ်းတို့သည် ရှေ့မဆက်ဖြစ်ဘဲ တုံ့ခနဲ ရပ်သွား၏။ မရည်ရွယ်ပါဘဲ ခန်းဆောင်အတွင်းသို့ ဝင်လိုက်ပြန်သည်။ ခန်းဆောင်တွင်းသို့ ရောက်သည်နှင့် ပထမဆုံး ထိတွေ့ခံစားလိုက်ရသည်မှာ ပန်းပေါင်းစုံတို့၏ ဂန္ဓာရုံပင် ဖြစ်လေသည်။

"ဖြိပ်ဆန်းလိုက်ပါဘိ ××× နတ်ပန်းရယ်တဲ့ မွှေးကာကြိုင် ××× ကိုးရေရင် **စီကာတန်းတယ်ကွယ် ××× လွမ်းစရာ သည်မြိုင်××× ပွင့်ချင်းငယ်ဆိုင် ခိုင်ညှာကွဲ့ ငုံဖူး ××× ပန်းမြတ်သရဖီ ××× စမ်းမြတ်ကယ် ရေကြည်နှင့်××× "**

ပိုးတို့စိတ်အာရုံထဲတွင် မကျောက်ဖြုန်း ဆိုလေ့ရှိသည့် ကိုးရေရင်နတ်သံကို ကြားယောင်မိလာသည်။ နတ်ရုပ်စုံကို မြင်လိုက်ရသည့်အခိုက်တွင် ပိုးတို့ရင်ထဲမှ အမျိုးအမည် မဖော်ပြနိုင်သည့် ခံစားချက်တို့သည်လည်း လှိုက်တက်လာ၏။ ပိုးတီ တသိမ့်သိမ့် ရှိုက်ရင်း တလှိုက်လှိုက် ငိုကြွေးမိလေသည်။ ကိုယ့်ဘဝအကြောင်း ကိုယ်တွေးမိပြန်တော့ ရင်နာစရာတွေချည်း။ အမေဒွေးလှနှင့် မေဒေါင်းမှ လွဲ၍ ပိုးတို့ ဘဝကို စာနာမည့်သူ မရှိ နားလည် ဖေးမပေးသူ မရှိ၊ နှိမ့်ချဆက်ဆံလိုသူတွေ၊ အထင်သေး စော်ကားလိုသူတွေသာရှိသည့် ပတ်ဝန်းကျင်မှာ ပိုးတီ ရှင်သန်နေရသည်။ ပြက်ရယ်ပြု လှောင်ပြောင်လိုသူတွေများသည့် အဝန်းအဝိုင်းမှာ ကြီးပြင်းခဲ့ရသည်။ ပိုးတီဘဝက အဲသလောက်ပင် တန်ဖိုးမဲ့လေသလား။ ပိုးတီရွေးချယ်ခဲ့သည့်လမ်းကြောင်းက အဲသလောက်ပင် နိမ့်ကျ နုံချာလေသလား။ ပိုးတီရဲ့ ဘဝဖြစ်တည်မှုကရော လူတောမတိုးရဲလောက်အောင် လူရာမဝင်တော့သည်အထိ လူဖြစ်ရှုံးနေ လေရော့သလား။ ပိုးတီ ဝမ်းနည်းလိုက်တာများ။ နောက်ဆုံးမှာတော့ ဘာကိုမှ သတိမထားမိတော့လောက်အောင် အူလှိုက်သည်းလှိုက် ချုံးပွဲချငိုပစ်လိုက်မိသည်။

"ငိုလို့ အားရပြီလား ပိုးတီ၊ ငိုပစ်စမ်း... အားရတဲ့အထိ ငိုပစ်လိုက်စမ်းပါအေ။ မမသိန်းတို့ ပိုးတီတို့ရဲ့ ရင်ဖွင့်ရာက ငိုကြွေးခြင်းပဲ။ မမသိန်းတို့ရဲ့ အဖော်ကလည်း ငိုကြွေးခြင်းပဲ။ မမသိန်းတို့ရင်ထဲက အစိုင်အခဲတွေကို ချေဖျက်ပေးနိုင်တဲ့ တစ်ခု တည်းသော လက်နက်ကလည်း ငိုကြွေးခြင်းပါပဲအေ့။ အေး တစ်ခုတော့မှတ်ထား။ ငိုလို့ဝပြီ မဟုတ်လား။ ငိုလို့ဝပြီဆိုရင် သောကတွေ၊ ဒုက္ခတွေ

mgyoe.com

mgyoe.com  SAMPLE BOOK 

ကို အပြီးအပိုင် ကျောခိုင်းခဲ့တော့။ မျက်ရည်က အဖော်ဆိုပေမယ့် ခရီးဆုံးအထိ ခေါ်ဆောင်သွားရမယ့် ထာဝရခရီးဖော်မဟုတ်ဘူး။ မျက်ရည်ဟာ မမသိန်းတို့ရဲ့ ပေါက်ကွဲခွင့်မရတဲ့ ဒေါသ တိမ်တိုက်တွေ၊ ဖော်ပြခွင့်မရှိတဲ့ သောကတိမ်စိုင်တွေကို ဖြိုဖျက် သန့်စင်ပေးတဲ့ တိမ်ဖြိုမိုးပဲအေ့။ ဒီတော့ မျက်ရည်ကို အင်အားအဖြစ် မှတ်ယူပြီး ဒုက္ခကို လှေခါး အဖြစ် နှလုံးသွင်းပါအေ "

ပိုးတီနောက်ဘက်တွင် တိုးတိတ်ငြိမ်သက်စွာ ထိုင်နေသည့် မမသိန်းသည် ပိုးတီ အငိုတိတ်သွားချိန်၌ ပိုးတီ၏ပခုံးကို ညင်သာစွာပွေ့ဖက်၍ ပိုးတီ့ဦးခေါင်းကို ရင်ခွင်ထဲထွေးပိုက်ကာ နှစ်သိမ့်ပေးရှာသည်။ ပိုးတီ ပို၍ပင် မျက်ရည်မိုး စွေမိပါ သည်။ ခိုကိုးရာမဲ့သည့်ဘဝ၊ တိုင်တည်ရာမရှိသည့်ဖြစ်အင်၊ ရင်ဖွင့်စရာမရှိသည့် အခြေအနေ၌ ကိုယ့်ကိုယ်ကိုယ် သန်မာချင်ယောင်ဆောင်ပြီး တင်းခံထားတတ်သူ တိုင်းသည် စာနာနှစ်သိမ့်ပေးသူရှေ့သို့ ရောက်သွားချိန်တွင် ပြိုလဲသွားတတ်ကြသည် မဟုတ်လား။ ပိုးတီလည်း ထို့အတူပင်။ ငိုချင်ရက် လက်တို့ခံရသည့် အဖြစ်မျိုး။ လဲပြိုလုလု၌ လေပွေကြမ်း အဝှေ့ခံလိုက်ရသည့်နှယ်။

"မမသိန်းတို့ ဘဝတွေက ဘယ်သူနဲ့မှ မတူတဲ့ဘဝတွေ ပိုးတီကောင်ရဲ့။ လူချင်းတူပါလျက် လူ့အသိုင်းအဝိုင်း အပြင်ဘက်ကို သိသာအောင်တစ်မျိုး၊ မသိသာ အောင်တစ်ဖုံ ဖယ်ကြဉ်ခံနေကြရသူတွေပေါ့။ လူဆိုတာမျိုးကလည်း လက်ကမ်း ဆွဲထူဖို့သာ လေးဖင့်ကြတာ၊ တွန်းလှဲ ဆွဲနှစ်ဖို့တော့ လေအလျဉ်ထက် မြန်တာမျိုးကိုး အေ့။ ဒါတွေကိုက နိဗ္ဗာန်ပသံသဆိုတဲ့ လောကဓံတွေပဲ။ လောကဓံကို မခံနိုင်ရင်တော့ မမသိန်းတို့ဘဝတွေက ဘာများ နေပျော်စရာ ရှိတော့မတုံး။ ဒါ အကင်းပဲရှိသေးတယ် ပိုးတီ။ ရှေ့လျှောက် ဒီ့ထက် ကြုံရတွေ့ရဦးမှာရယ်။ ဝမ်းနည်းစရာ၊ နာစရာရှိရင် ငိုလို့ရတယ်။ ဒါပေမဲ့ ပြိုလဲလိုက်လို့မရဘူး၊ အရှုံးပေးလိုက်လို့ မရဘူး။ လဲတော့လည်း ပြန်ထနိုင်တဲ့ ခွန်အားမျိုး၊ သန်မာမှုမျိုးရှိအောင် လေ့ကျင့်ယူထားရမယ်။ လဲရင်ပြန်ထ ဒါ ဘဝပေါ့အေ။ လူဝင်ဆံ့ဖို့အတွက် လက်ယပ်ခေါ် နေဖို့ မလိုဘူး ပိုးတီရဲ့။ ကိုယ် ယုံကြည်ရာ၊ ကိုယ်ဝါသနာပါရာကို တစိုက်မတ်မတ် ဦးလည်မသုန် ကြိုးစားဖို့ပဲလိုတာ။ ဂုဏ်သတင်း ထင်ပေါ် လာတဲ့တစ်နေ့၊ ကိုယ်က ပေးသောလက် ဖြစ်လာတဲ့တစ်နေ့ တော့ အခွြေအရံဆိုတာ သလေးစပါးခင်း ကျေးအုံသလို ရောက်ချလာမှာပါအေ"

ပိုးတီ မျက်ရည်များ ခန်းခြောက်ခဲ့ပြန်ပြီ။ ပိုးတီပတ်ဝန်းကျင်ရှိ လူနှစ်မျိုး အကြောင်းကိုလည်း အတွေးဝင်မိသည်။ မျက်ရည်စိုစေသူနှင့် မျက်ရည်တိတ်စေသူ။ ထိုလူတန်းစားနှစ်မျိုးသည် ပိုးတီ့အနားတွင် အမြဲ ဒွန်တွဲလျက် ရှိနေကြသည်ကို

mgyoe.com

m.gyoe.com SAMPLE BOOK

နားလည်သလိုလို ရှိလာသည်။ ပိုးတီ မမသိန်း၏ စကားများကို အလေးအနက်ထား၍ မှတ်ယူ နာခံနေမိသည်။ "မမသိန်း စကားတွေက တန်ဖိုးရှိလိုက်တာ" ဟုလည်း ပိုးတီ တွေးမိပြန်သည်။ ထိုစကားများသည် မမသိန်းကိုယ်တိုင် ဘဝနှင့်ရင်းပြီး ရရှိလာသည့် ခံစားချက်များမှ ယိုစိမ့်လာခြင်းဖြစ်ပေမည်။ မမသိန်းသည် ပိုးတီ၏ ပခုံးကို ခပ်ဖွဖွပုတ်ကာ ပိုးတီအပါးမှ ထွက်ခွာသွား၏။ မမသိန်း ထွက်သွားချိန်၌ နတ်ခန်းဆောင်ထဲတွင် ပိုးတီတစ်ယောက်တည်းသာ ကျန်ရစ်ခဲ့သည်။

ပိုးတီ၏ မျက်လုံးအစုံသည် နတ်ရုပ်စုံများကို ဝေ့ဝဲကြည့်လိုက်မိသည်။ အရှင်ရိုပ်၊ သခင်ရိုပ်ကို မြင်လိုက်ရသည့်အခါ ပိုးတီစိတ်ထဲ အေးချမ်းသွားသလိုရှိ၏။ အကြည့်ကို မရပ်တန့်ဘဲ ဆက်ရွှေ့လျားမိရာမှ တစ်နေရာအရောက်တွင် အကြည့်တို့သည် တိခနဲရပ်သွား၏။ ပုပ္ပားမယ်တော်ကြီး။ ဟုတ်ပါသည်။ ပိုးတီ အင်မတန်မှ အားကိုးယုံကြည်ရသည့် ပုပ္ပားတောင်တော်သခင်မကြီး။ ပိုးတီ မတ်တတ်ထရပ်လိုက်ပြီး ပုပ္ပားမယ်တော်ကြီးထံသို့ ချဉ်းကပ်လိုက်သည်။ တော်တော်သခင်မကြီး၏ အသွင်သဏ္ဌာန်သည် ဝံ့ကြွားတောက်စားလွန်းလှ၏။ မျက်လုံးတို့သည် နက်မှောင်ပြောင်လက်နေပြီး မျက်တောင်တို့သည် ကော့ရွှန်းဖြာဝေနေ၏။ နှာတံသည် စင်းနေပြီး နှုတ်ခမ်းတော်နှစ်လွှာမှာ ဖူးကြွနေလေသည်။ တကယ့်သက်ရှိအလား အသက်ဝင်လွန်းလှပါသည်။ ပိုးတီရင်ညွှန့်ရှေ့တွင် လက်အုပ်တင်ချီ၍ အဥလိပဏာမ ဦးတင်သလိုက်သည်။ သည်တော့လည်း ပိုးတို့ရင်ထဲ ငြိမ်းချမ်းလိုက်ဘိခြင်း။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၈)

မန်ကျည်းပင်ထက်မှ ကျီးတစ်အုပ်သည် တအိုးအိုးတအာအာ သာလွန်းလှပေသည်။ ပိုးတီကတော့ ထိုမန်ကျည်းပင်အောက်မှ မန်ကျည်းရွက်ကြွေများကို တံမြက်စည်းတစ်ချောင်းနှင့် တဗျင်းဗျင်း လှည်းကျင်းနေမိ၏။ ပင်ရိပ်ဝိုင်းဝိုင်းကြီး အုပ်ဆိုင်းသလောက် အရွက်များကလည်း ကြွေနိုင်လွန်းလှ၏။ တချို့ရက်များဆိုလျှင် မနက်ခင်း လှည်းပြီးသည့်တိုင် ညနေစောင်းသည်နှင့် ရွက်ကြွေကမ္ဘလာကြီး ခင်းထားသည့်အလား။ သည်တော့လည်း ပိုးတီအဖို့ မန်ကျည်းရွက်လှည်းရသည့် အလုပ်တစ်ခု တိုးရတော့သည်။ သို့သော်လည်း ပိုးတီ မညည်းညူပါ။ မခိုကပ်ပါ။ မေဒေါင်းအိမ်သည် ပိုးတို့အိမ် မဟုတ်လား။

"ကိုရွှေကျီးတို့ကလည်း သာလိုက်ပါဘိတော်။ ဘယ်က ဧည့်ထူးဧည့်မွန်တွေများ လာမတုံး မသိပေါင်။ လာမယ့်လာရင်လည်း သပြေတစ်ငုတ် ငွေတစ်ထုပ်နဲ့ လာတဲ့ ဧည့်မျိုးတော့ မဖြစ်ပါစေနဲ့တော်။ သဇင်တစ်ခဲ ငွေတစ်လှည်းနဲ့ လာမယ့် ဧည့်မျိုးသာ ဖြစ်ပါ့စေ"

မမသိန်းသည် မန်ကျည်းပင်ထက်မှ ကျီးအာသံကို ကြား၍ ထင်သည်။ ဆုတောင်းစကားလေးဆိုရင်း အိမ်အာက်သို့ ဆင်းလာသည်။ ပိုးတီ မမသိန်းအသံကြောင့် တံမြက်စည်းလှည်းနေရာမှ ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။ မမသိန်းသည် မျက်နှာထက်တွင် ရှင်မတောင်သနပ်ခါးကို ပိန်းပိန်းထအောင် လိမ်းထား၏။ ဆံပင်

mgyoe.com

ခပ်အုပ်အုပ်ကိုမူ ခွေလိမ်ကာ ဆံညှပ်ကြီးနှင့် ထိန်းညှပ်ထား၏။ နှင်းဆီပွင့် နီနီအာအာကြီး သုံးပွင့်ကိုပါ ဆံခွေခြေ၌ ထိုးထားပြန်သေးရာ မမသိန်း၏ အသွင်သဏ္ဍာန်မှာ ရယ်စရာပင် ကောင်းလှတော့သည်။ ပခုံးထက်တွင် ယောတဘက် တစ်ပတ်နွမ်းကလေး တင်ထားပုံကို ထောက်ချင့်၍ ရွာထဲသို့သွားမည်မှန်း ပိုးတီ တွက်ဆလိုက်မိသည်။

"မမသိန်းရယ် ဆုတောင်းကြမ်းလိုက်ပုံများ မေဒေါင်းကြားမှ ဧည့်သည်ကိုခွဲခြားရကောင်းလားလို့ အဆူအဆဲ ခံနေရဦးမယ်။ ဒါနဲ့ ငွေတစ်လှည်းလိုချင်တာကဟုတ်ပါပြီ သဇင်တစ်ခဲက ဘာအတွက်တုံး ပြောပါဦး "

ပိုးတီက မမသိန်းကိုကြည့်ရင်း မရယ်မိအောင်ထိန်းကာ စကားကောက်စနောက်လိုက်သည်။ မမသိန်း၏ ရှင်မတောင်မျက်နှာ ပိန်းပိန်းကြီးသည် ပြုံးနေရာမှအိုစာသွား၏။ မျက်နှာပေးကို မဲ့ကာစောင်းကာဖြင့် ချီထားသည်။ မေဒေါင်းရှိရာအိမ်ပေါ်သို့ လှမ်းကြည့်၍ မျက်စောင်းပါ ထိုးလိုက်သေးသည်။

"ဘာလုပ်ရမတုံးအေ ရှင်ပိုးတီရဲ့ ပန်ဖို့ပေါ့ဟဲ့။ သဇင်တွေများ ရလိုက်လို့ကတော့ မမသိန်းတို့က ခဲနေအောင်ကို ပန်ပစ်လိုက်မှာ။ ညည်းက သဇင်ပန်းကိုများသာမညောင်ည အညတရပန်း မှတ်လို့လား။ ဘုန်းကံကြီးတဲ့သူမှ ပန်ခွင့်ရတဲ့နန်းထိုက်တဲ့ပန်းအေ့။ ဝေယံနန်းမြင့် ပန်တိုင်းတင့်မို့ မြို့ဝန်မင်းစာလိပ်မပါဘဲကွယ်ရာဈေးပြင် ရောင်းလို့များ မြင်မလားလို့တောင် စာဆိုရှိတဲ့ပန်းတော့် မိန်းမရဲ့။ ပေါ့သေးသေး မမှတ်လေနဲ့ "

မမသိန်းသည် ပြောပြောဆိုဆိုဖြင့် ပိုးတီအနားသို့ ရောက်လာပြီး ပိုးတီကိုကြည့်ကာ အသံအုပ်အုပ်ဖြင့် စကားဆက်ပြန်သည်။ သည်တော့မှ မမသိန်း၏စကားသည် အစမသတ်သေးကြောင်း ပိုးတီ သိရတော့သည်။

"အောင်မယ် ရှင်ပိုးတီနှယ်။ မမသိန်း ဆုတောင်းက တစ်အိမ်လုံး ပါးစပ်လှုပ် အူစိုရမယ့် ဆုတောင်းတော်ရဲ့။ ညည်းအမေဒေါင်းကသာ ဘယ်ဧည့်မလာလာ၊စိန်ညိုရောင်လာရင် ပြီးရောဆိုတဲ့ ဆုတောင်းမျိုးကို ကျိတ်တောင်းနေမှာ။ တို့နဲ့များစကားဆိုရင် မျက်နှာထားက အမိန့်ချတော့မယ့် တရားသူကြီးမကြီးအတိုင်းပါတော်။တည်လိုက် တင်းလိုက်ပုံများ။ ဟော စိန်ညိုရောင်နဲ့များ ပြောရရင်ဖြင့် မျက်နှာပိုးကဂေါ်လီ ဆီသုတ်ထားသလိုပါပဲလား။ ပြောင်ချက် ပြီချက်များ ပြောမပြောချင်ပေါင်"

ပိုးတီမှာ မမသိန်းစကားကြောင့် ဗိုက်ကိုနှိပ်၍ ခပ်ကျိတ်ကျိတ် ရယ်မိတော့သည်။ ကျယ်ကျယ်လည်း မရယ်ဝံ့ပါ။ မေဒေါင်း ကြားသွားမှ ခက်ရချည့်။ မမသိန်း

myoe.com SAMPLE BOOK

ကမူ တင်ပါးကို တုန်နေအောင်ခါလျက် အိမ်ဝိုင်းထဲမှ ထွက်သွားတော့သည်။ ပိုးတီမှာသာ ရယ်ကြောမသတ်နိုင်ဘဲ ကျန်ခဲ့ရသည်။ မမသိန်းနှယ် ကြဲကြီးစည်ရာ။ ဂေါ်လီကို ဆီသုတ်ရတယ်လို့ပဲ။

ဦးညိုအကြောင်း တွေးမိပြန်တော့ ဦးညိုမျက်နှာကြီးပါ မျက်လုံးထဲ ထင်းခနဲ ပေါ်လာသည်။ ဦးညိုသည် မေဒေါင်း၏ နတ်ကန္နားပွဲတိုင်းတွင် နတ်ဆိုင်းတီးပေးရသည့် ကျောက်ပန်းတောင်းနယ်မှ ဆိုင်းဆရာဖြစ်သည်။ မျက်နှာကျနုပ်နုပ်၊ မေးရိုးကားကားနှင့် မျက်လုံးမျက်ဖန်ကောင်းလှသည့် လူပုံချောဖြစ်သည်။ နှုတ်ခမ်းလွှာများသည် တင်းစေ့နေတတ်သလောက် မျက်လုံးများမှာမူ အစဉ်အမြဲ ပြုံးရိပ်သမ်းနေသူဖြစ်သည်။ ဘိုကေဆီတစ္ဆဲ့ခြံ ခံတွင်းကွမ်းသွေးတရဲရဲ ဆိုသူမျိုး။ စကားပြော ကောင်းလှသလို တွေ့ရာလူနှင့်လည်း ပလဲနံပ သင့်မြတ်အောင် ပေါင်းသင်းတတ်လှသည်။

"စိန်ညိုရောင်တို့များ ချောချက် ခန့်ချက်တော်။ ဆိုင်းသမားလုပ်စားဖို့ မကောင်းဘူး ရုပ်ရှင်ရိုက်စားရမှာ။ မျက်နှာကျကိုက မင်းသားမျက်နှာကျရယ်။ မျက်လုံးကလေးတွေများ ပြုံးလို့ လဲ့လို့ နှုတ်ခမ်းကလေးဆိုတာများ စိုရဲနေသာပဲ"

သည်သို့သော အရပ်၏ ထောမနာသံတွေကို ပိုးတီ မကြားချင်မှအဆုံး။ တချို့အပျိုတွေများဆို နတ်ကန္နားပွဲလာရင် "နတ်ကို ကိုးဖို့လာတာမဟုတ်ပေါင် စိန်ညိုရောင်ကို ရှိုးဖို့လာသာ" လို့တောင် ခပ်ကဲကဲ ဆိုကြသည်အထိပင်။ ဦးညိုကလည်း သည်ခွင်မျိုးကို အလွတ်ခံရိုးလား။ စားနေကျ ကြောင်ဖားပိပိ လျှာပေါ်ထိ တက်တဲ့ငါး ငါးခူလား၊ ငါးခုံမလား ရွေးနေသူမဟုတ်။ အရိုးများသလေး၊ ချေးခါးသလေးနဲ့ ရှောင်နေသူလည်း မဟုတ်။ ဒါတွေကို ပိုးတီ စိတ်ဝင်တစား လေ့လာ၍ သိသည်ကား မဟုတ်ပါ။ တစ်ဆင့်စကား တစ်ဆင့်နားနှင့် ကြားရ၍ သိခြင်းသာ ဖြစ်သည်။ မကြားချင်၍လည်း မရပေ မမသိန်းနှင့် အတူနေသမျှ ဦးညိုအကြောင်းကို ပိုးတီ မကြားချင်မှ အဆုံး။

ဦးညိုကို ဘယ်အပျိုတွေ ဘယ်လိုပိုးပိုး၊ ဘယ်နတ်ကတော်တွေ ဘယ်လို အသည်းခိုက်ခိုက် မမသိန်းကတော့ ဦးညိုအပေါ် မျက်စိစပါးမွေးစူးလှသူ ဖြစ်သည်။ "သည်အကောင်က ယောက်ျားပိုင်းလုံးရယ်။ အဆင်းကလေး သနရုပ္ပရှိတာကို ဗန်းပြပြီး မြှူမြိုက် ချူနိုက်စားနေတာ။ ဒါကြီးကိုပဲ ညည်းအမေဒေါင်းကလည်း ငါးရံ့ပြာလူး နန့်နန့်ထိုး ဖြစ်နေတာတော့်။ မမြင်ဖူး မူးမြစ်ထင်နေတော့တာရယ်။ ဘယ့်နှယ့်တော် ဆယ်ကျော်သက်မဟုတ် ဘာမဟုတ်နဲ့။ ငါးပိဖြစ်မှ အမြီးနန့်ချင်နေရ

myoe.com

တယ်လို့" ဆိုသည့်စကားသည် အမေဒေါင်း ကွယ်ရာတွင် မမသိန်း ပြောနေကျ စကားများသာဖြစ်သည်။ အရပ်သမများက စိန်ညိုရောင် ဘယ်သို့ချောကြောင်း၊ ဘယ်သို့ခန့်ကြောင်း မမသိန်းရှေ့များ မပြောလိုက်လေနှင့်၊ ပြောလိုက်သည်နှင့် ဦးညိုရော၊ အရပ်သမများပါ မမသိန်း၏ စကားနှပ်ပစ်ခြင်း ခံလိုက်ရသည်ချည်း။

"အဲသာ အပြုးမျက်လုံးမဟုတ်ဘူး တော်တို့ရေ။ ကြာမျက်လုံးတော့် ကြာမျက်လုံး။ စိန်ညိုရောင်က သင်းရဲ့ဖွားဖက်တော် တစ်ခိုင်နှစ်လုံးအပြင် သည်မျက်လုံး နှစ်လုံးကိုပါ ထပ်ညွှန်းတင်ပြီး လုပ်စားနေတာ။ ဘာများမှတ်ကြသတုံး။ စပါးကြီး မှော်ကို သိဒ္ဓိတော်အနန္တနဲ့ အောင်ထားတဲ့ လူမျိုးတော့်။ စိန်ညိုရောင်ကို ခပ်ပေ့ါပေ့ါ မှတ်လို့ကတော့ မြေမျိုမခံရဘဲ လူမျိုခံရလိမ့်မယ်။ ကြပ်ကြပ်သာ သတိထားကြ မိန်းမတွေရဲ့။ နှာခေါင်းမီးတောက်တာကလည်း နွေးရုံပဲ ကောင်းသာရယ်။ ဟုန်း ဟုန်းတောက်လို့ကတော့ ပြာကျမယ်သာ မှတ်ကြ "

မမသိန်းစကားသည် နှုတ်ရေးနှုတ်ရာ လွန်စွာကောင်းသည်။ အာဝဇ္ဇန်းရှင် သလို ထိထိမိမိ ဒိုးဒိုးဒေါက်ဒေါက် ပြောတတ်သူမို့ တော်ရုံလူနှင့်လည်း တည့်သည် မဟုတ်။ အကြောင်းသိသွားလျှင်တော့ မမသိန်းသည် တုတ်ထိုးအိုးပေါက် ပွင့်ပွင့် လင်းလင်း ပြောတတ်သည့် သဘောဖြူအူစင်းကြီးမှန်း လက်ခံကြရသည်သာ။ မေဒေါင်းနှင့်လည်း မတည့်အတူနေ မခြင်ချောင်းကြည့်ဆိုသူမျိုး ဖြစ်သည်။ နှစ် ယောက်သား မျက်နှာချင်းဆိုင်လိုက်ကြသည်နှင့် အထေ့အငေါ့လေးတွေ ပါတတ် ကြစမြဲ။ သို့သော်လည်း ညီအစ်မအရင်းအချာများကဲ့သို့ အရေးကြီးလျှင် သွေးစည်း ကြသည်။ ပိုးတီကို ချစ်ကြပုံခြင်း၊ သံယောဇဉ်ကြီးကြပုံခြင်းလည်း တူပါသည်။

အတွေးတို့ အမျှင်တန်းနေရင်းမှပင် တံမြက်စည်းလှည်းခြင်းအလုပ်ကို ပိုးတီ အဆုံးသတ်လိုက်သည်။ မန်ကျည်းရွက်ကြွေများကလည်း ရှေ့က တစ်လှေ့ရှင်း၊ နောက်က တစ်လှည်းဝင် ဆိုသလိုပင်၊ ကြွေပဲ ကြွေနိုင်လွန်းလှပေသည်။ ပင်ယံ ထက်က ကိုရွှေကျီးတို့ကလည်း သာလိုက်ကြသည်မှာ အုတ်အော်သောင်းတင်း။ မမသိန်း ပြောသလိုပဲ ကျီးသာလို့ ဧည့်လာကြေးဆိုလျှင် သဇင်တစ်ခဲ ငွေတစ်လှည်းနှင့် ဧည့်မျိုးသာ လာပါစေဟု စိတ်ထဲကနေ ပိုးတီ ဆုတောင်းလိုက်မိသေးသည်။ ပြီးမှ တစ်စုံတစ်ရာကို ဖျတ်ခနဲ သတိရသွားမိပြန်၏။

သို့ဆိုလျှင် မေဒေါင်းကရော မမသိန်း ပြောသလို ဦးညိုကို တကယ်ပဲ မျှော်နေလေမလား။ မဖြစ်နိုင်ပါ၊ မဖြစ်နိုင်ဆိုသည်ထက် ပိုးတီ လက်မခံနိုင်ဟု ဆိုရလျှင် ပိုမှန်ပါသည်။ ဦးညိုကို မမသိန်းတစ်ယောက်သာ မကြည်ဖြူသည်မဟုတ်။

mgyoe.com

mgyoe.com

SAMPLE BOOK


ပိုးတီလည်း မနှစ်မြို့ပါ။ သူ့ရဲ့ ခပ်စူးစူးခပ်ညို့ညို့ အကြည့်တွေ၊ သူ့ရဲ့ အနှောင့်အသွား မလွတ်တဲ့ အပြောတွေ။ ဒါတွေကို ပိုးတီသဘောမကျခြင်းဖြစ်သည်။ အဆိုးဆုံးက ပိုးတီကို တွေ့လိုက်သည်နှင့် "ပိုးတီကောင်က တစ်နေ့တခြား လူကောင်ထွားလာပြီပဲ ရှေ့လျှောက် အပျိုလေး ဖြစ်တော့မယ်။ အေးနော် ဦးညိုတို့ မသိအောင်တော့ ရည်းစားတွေ မထားရဘူး။ ထားရင်လည်း ဦးညိုနဲ့ မမဒေါင်းကို အရင်ပြောပြရမယ်။ ဦးညိုတို့သဘောတူမှ ပိုးတီကောင်လေး ရည်းစားထားရမယ် " ဆိုသည့်စကားကို ပိုးတီအား ဖင်ပုတ်ခေါင်းပုတ်လုပ်ပြီး တင်တင်စီးစီး ပြောတတ်ခြင်းပင် ဖြစ်သည်။

စကားပြောလျှင် ပိုးတို့ တင်ပါးကို တဖျတ်ဖျတ် ရိုက်တတ်သည်မှာလည်း ဦးညိုအကျင့်ပင်ဖြစ်သည်။ ထိုအခါမျိုးဆိုလျှင် ပိုးတီ ဦးညိုကို မုန်းလွန်းလှပါသည်။ စိတ်ထဲရှိသည့်အတိုင်း ပစ်ပစ်ခါခါ ပြောချလိုက်ချင်သော်လည်း မေဒေါင်းမျက်နှာကို ထောက်ထားရသည်မို့ ရင်ထဲရှိသမျှ စကားလုံးတို့သည် ပွင့်အန်ထွက်မလာ။ အကြိမ်ကြိမ်အခါခါ မျိုချခဲ့ရသည်။ ဦးညိုနေရာမှာသာ တခြားသူဖြစ်ခဲ့လျှင် နစ်နစ်နာနာ ဆိုပစ်လိုက်မိမည်မှာ သေချာသည်။ သို့သော် ညောင်ကိုင်းချိုးချင်သော်လည်း ရုက္ခစိုးကိုကား ကြောက်ရသေးသည် မဟုတ်လား။ ဆိုင်းဆရာ စိန်ညိုရောင်ကို ဦးညိုဟု ခေါ်ရသည်မှာလည်း မေဒေါင်း၏ ဆန္ဒကြောင့် ခေါ်ဆိုရခြင်းဖြစ်သည်။ ပိုးတီအလိုသာ ဆိုရင်ဖြင့် ခေါ်ဖို့ဝေးစွ။ မျက်နှာချင်းပင် မဆိုင်ချင်လှပါ။

ထို့ကြောင့်လည်း ကိုးသာနိမိတ်ကို မမသိန်း ဆုတောင်းသကဲ့သို့ ဆုတောင်းမိခြင်းပင် ဖြစ်သည်။ ဦးညိုလာမှာဆိုလျှင်ဖြင့် သာနိုင်လွန်းသည့် ထိုကျိုးတစ်အုပ်ကို ပိုးတီကိုယ်တိုင် မောင်းထုတ်ပစ်လိုက်မည်။ ဦးညိုသည် မေဒေါင်းအတွက် နေမင်းတစ်ဆူ၊ လမင်းတစ်ဆူ ဖြစ်နေသည့်တိုင် ပိုးတီနှင့် မမသိန်းအတွက်တော့ ဂြိုဟ်ဆိုးတစ်ခုအဖြစ် မှတ်ယူထားကြသည်။ ထို့ကြောင့် ရင်ထဲတွင် "ဦးညို ရောက်ချမလာပါစေနဲ့" ဟူသော ဆုတောင်းကိုသာ တွင်တွင်ကြီး တောင်းနေမိတော့သည်။

မေဒေါင်းသာ သိလျှင်ဖြင့် ပိုးတီကို အမျက်တော်ရှလေမည်လား။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၉)

ကျိုးသာနိမိတ်သည် မှန်ကန်ခဲ့ပါ၏။ ပိုးတီ၏ ဆုတောင်း မပြည့်ခဲ့ပါ။ နောက်နေ့မနက်တွင် ဦးညိုသည် မေဒေါင်းရှိရာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့လေသည်။ မေဒေါင်းသည် ဦးညို၏မျက်နှာကို မြင်လိုက်ရသည်နှင့် တိမ်ညို စင်သော ကောင်းကင်ပြင်နှယ်၊ မြူမှုန်ပြယ်သော ပန်းတောင်တန်းအလား ကြည်လင့် ရွှန်းစားနေခဲ့လေသည်။ အခါတိုင်းတွင် တိတ်ဆိတ်တည်ငြိမ်စွာ တိုးသက်ဆိတ်ညံ လှသော မေဒေါင်း၏အသံသည် ဦးညိုရောက်လာချိန်မှစကာ တစာစာ ရှိလှ၏။

နေ့တစ္ဆဝ မျက်စိအောက်က အပျောက်မခံနိုင်အောင် အရိပ်သဖွယ် ရှုစားတတ်လေသော ပိုးတီကိုပင် အမှတ်ရလေဟန်မတူပါ။ ပိုးတီ လွန်စွာ ဝမ်းနည်းမိသည်။ သည်ခံစားချက်မျိုးကို သည်တစ်ကြိမ် တစ်ခါတည်းသာ ခံစားဖူးသည်မဟုတ်ပါဘဲ ဦးညို့ဂ`ာတိုင်း ခံစားရသည်။ ခံစားရတိုင်းလည်း နင့်နင့်နဲနဲ ကြေကွဲရသည်ချည်း။ ပိုးတကို လော၁၂ကြ်းတယ်ပဲဆိုဆို မေဒေါင်း၏ မေတ္တာကို ပိုးတီ တစ်ယောက်တည်းသာ ပိုင်ဆိုင်လိုသည်။ မည်သူနှင့်မှ မျှဝေမခံယူလိုပါ။

ပိုးတီ၏ ဘဝတစ်ခုလုံး၌ သံယောဇဉ်တွယ်စရာ လူသားဟူ၍ လက်ချိုးရေတွက်နိုင်အောင်ပင် ရှားပါးလှသည်။ အဖေနှင့် အမေ ဒွေးလှပြီးလျှင် သံယောဇဉ်အရှိရဆုံးသူသည် မေဒေါင်းသာဖြစ်သည်။ ပြီးလျှင် မမသိန်း။ ထိုသူများသည် ပိုးတီဘဝ၏ အမြုတေများဖြစ်၏။ တန်ဖိုးထားရသူများဖြစ်၏။ ပိုးတီ ချစ်ခြင်းမေတ္တာ

mgyoe.com